# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၀၉၉)


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊

စာမျက်နှာ ၃ ကော်လံ ၁ ◆

**ပါတီဝင်များအားလုံးအနေဖြင့် ပါတီ၏ အမာခံဖြစ်သကဲ့သို့ ဒီမိုကရေစီ၏ အမာခံဖြစ်ရန်လိုပြီး ပါတီအင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိ မှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လို**

## တရုတ်နိုင်ငံမှ ဖရဲသီးဝယ်လိုအား ပြန်လည်မြင့်တက်နေ

ရန်ကုန် ဇန်နဝါရီ ၆

လက်ရှိကာလတွင် တရုတ်နိုင်ငံမှ ဖရဲသီးဝယ်လိုအား ပြန်လည်မြင့်တက်နေကြောင်း ခွာညိုသစ်သီးပွဲရုံမှ သိရသည်။

ဖရဲသီးကို မိုင်းလားနှင့် လွယ်ဂျယ် လမ်းကြောင်းမှ တင်ပို့နေပြီး ထိုသို့ တင်ပို့ရာတွင် လမ်းကြောင်းဝေးလွန်း၍ လတ်ဆတ်မှုရှိပြီး ခံနိုင်ရည်ရှိသည့် သစ်သီးများကို ရွေးချယ်တင်ပို့ရကြောင်းလည်း ဆိုသည်။

“ဖရဲသီးဝယ်လိုအားကောင်းပါတယ်။ ဈေးမငြိမ်တာတော့ ရှိတာပေါ့။ လက်ရှိကတော့ ဖရဲသီးတစ်တန်ကို ယွမ် ၃၀၀၀၊ ၃၅၀၀ လောက်ရနေတာ။ အခုကတော့ လမ်းကြောင်းအနေနဲ့ မိုင်းလားနဲ့ လွယ်ဂျယ်ကနေ တင်ပို့နေတာ” ဟု ခွာညိုပွဲရုံမှ တာဝန်ရှိသူက ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၁ ❖

## ယနေ့ ဖတ် စ ရာ


နိုင်ငံရေးရည်ရွယ်ချက်နဲ့ ကျေးဇူးတရားကို ချေဖျက်တဲ့ ဩဇာခံနိုင်ငံ — ဆောင်းပါး စာ ၁၀

ဇန်နဝါရီ ၆ ရက်တွင် ဟာနီဒါလေကြောင်း ခရီးစဉ် ၂၀၀ ကျော် ဖျက်သိမ်း — နိုင်ငံတကာသတင်း စာ ၁၃



ဘင်္ဂလားပင်လယ်အော်ဒေသ၏ ကမ်းခြေစောင့် အစိမ်းရောင် တံတိုင်းများ — ဇီဝစုံလင် စာ ၁၆

မြန်မာ့အလင်း

# အရည်အသွေးမြင့် ကော်ဖီကုန်ချောများ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်ရန်ကြိုးပမ်း

၂၀၂၃ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံက ကော်ဖီတန်ချိန် ၁ ဒသမ ၆၁ သန်း ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံအထိ စံချိန်တင်ရှာဖွေနိုင်ခဲ့သည်ဆိုသည့် သတင်းမှာ စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်သည့် မိမိတို့နိုင်ငံအဖို့ စိတ်ဝင်စားအားကျဖွယ်ရာပင်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် ရေနံသည် အရေးပါဆုံးကုန်စည်ဖြစ်ပြီး ဒုတိယအရေးပါဆုံးမှာ ကော်ဖီဖြစ်ရာ ကော်ဖီစိုက်ပျိုးထုတ်လုပ်နိုင်သည့် မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ဈေးကွက်တွင် နေရာတစ်နေရာ ရရှိလာနိုင်ရန် ကြိုးပမ်းကြဖို့လိုမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရောင်းချသည့် နိုင်ငံပေါင်း ၇၅ နိုင်ငံရှိရာတွင် မြန်မာနိုင်ငံအပါအဝင် ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧကမှာ ၄၉၀၀၀ ခန့်သာ ရှိသည်။ ပြည်ပသို့ တင်ပို့သည့် အာရေဗီကာ အမျိုးအစားစိုက်ပျိုးမှုမှာ ဧက ၃၈၀၀၀ ခန့်ရှိပြီး ရိုဘက်စတာအမျိုးအစားစိုက်ပျိုးမှု ဧက ၁၂၀၀၀ ခန့်ဖြစ်သည်။ လက်ရှိစိုက်ပျိုးမှုမှာ ကော်ဖီစိုက်ပျိုးနိုင်သည့် မြေ၏ ၆၀ ရာခိုင်နှုန်းခန့်သာရှိကြောင်းနှင့် ကော်ဖီစိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကော်ဖီဇုန် သုံးဇုန်တွင် ဧက သုံးသိန်းအထိ စိုက်ပျိုးသွားရန် စီစဉ်နေကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ကော်ဖီစိုက်ပျိုးသည့်ဧရိယာ ဟက်တာ ခုနစ်သိန်းကျော်ရှိကြောင်း သတင်းတွင်ဖော်ပြထားရာ တစ်ဟက်တာလျှင် နှစ်ဧကခွဲနီးနီးနှင့်ညီမျှခြင်းကြောင့် မြန်မာနိုင်ငံထက် အဆပေါင်းများစွာ စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မိမိရေ၊ မြေ၊ ရာသီဥတုအလိုက် ရရှိနိုင်သမျှ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ကော်ဖီစိုက်ပျိုးမှု ပိုမိုတိုးတက်လာစေရန်နှင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ အကျိုးဖြစ်ထွန်းနိုင်စေရေး အားပေးကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန် လိုအပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံက ကော်ဖီတင်ပို့သောနိုင်ငံများမှာ ဆွစ်ဇာလန်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီ၊ ယူအေအီးတို့ဖြစ်ပြီး စုစုပေါင်းတန်ချိန် ၄၅၀ မှ ၅၀၀ ခန့်ဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။ ထို့အပြင် မြန်မာ့ကော်ဖီကို ကုန်ကြမ်းအဖြစ်သာ တင်ပို့နေရခြင်းဖြစ်ရာ ပြည်တွင်း၌ ကော်ဖီကို ကုန်ချောအဖြစ် ထုတ်လုပ်သည့်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ပါက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာရန် အထောက်အကူပြုလာနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်လာစေရန်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ပြည်တွင်းသို့ တင်သွင်းနေသည့် နိုင်ငံခြားကော်ဖီကုန်ချောများတွင် ကမ္ဘာ့ဈေးကွက်တွင် နေရာရနေသည့်အမှတ်တံဆိပ်များ ပါဝင်သည့်အနက် ထုတ်လုပ်သည့်နိုင်ငံများမှာ နိုင်ငံငယ်ကလေးများသာဖြစ်သည်ကို တွေ့ရှိနိုင်သည်။

မြန်မာ့ကော်ဖီသည် အရည်အသွေး အနံ့အရသာအရ နိုင်ငံတကာကော်ဖီဈေးကွက်တွင် အလားအလာရှိသောကုန်စည်ဖြစ်သည်။ ပြင်ဦးလွင်နှင့်ရှမ်းဒေသထွက်ကော်ဖီများသည် ကမ္ဘာ့အဆင့်မီ Special Coffee အဆင့် အသိအမှတ်ပြုခံထားရပြီးဖြစ်ရာ မိမိတို့အမှတ်တံဆိပ်များနှင့် ကော်ဖီကုန်ချောများ ကမ္ဘာ့ဈေးကွက်တွင် နေရာရလာရေး ကြိုးပမ်းသွားကြရန်လိုသည်။ ကော်ဖီစိုက်ပျိုးရေးသည် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသစီးပွားရေးကို အထောက်အကူဖြစ်စေသည့်အလျောက် လုပ်ငန်းရှင်များက ကော်ဖီစိုက်ပျိုးရန်ရယူထားသည့် မြေဧရိယာများတွင် အမှန်တကယ်အပြည့်အဝစိုက်ပျိုးရေး၊ စိုက်ပျိုးမြေများကို အခြားနည်းအသုံးပြုမှုများ မရှိစေရေး၊ နိုင်ငံတကာဈေးကွက်သို့ ရည်မှန်း၍ အရည်အသွေးမြင့် ကော်ဖီထုတ်လုပ်နိုင်ရန် စနစ်တကျစိုက်ပျိုးရေး၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိထိရောက်ရောက် အောင်အောင်မြင်မြင်စိုက်ပျိုးထုတ်လုပ်ကာ မိမိအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးနိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ နီကာရာဂွါသမ္မတနိုင်ငံသမ္မတနှင့် ဒုတိယသမ္မတတို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးနှင့် ထပ်တူဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဖော်ပြအပ်ပါသည်။

နှစ်နိုင်ငံပြည်သူများအကြား စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးချစ်ကြည်မှုတို့ ဆက်လက်ခိုင်မာလာစေရန်နှင့် ငြိမ်းချမ်းရေး၊ အတူယှဉ်တွဲနေထိုင်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရဲစွမ်းသတ္တိရှိသည့်စိတ်ဓာတ်တို့ ခိုင်မာလာစေရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာပြည်သူများအားလုံး လွတ်လပ်ရေးကို အစဉ်အမြဲရရှိခံစားနိုင်ပြီး နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နီကာရာဂွါနိုင်ငံမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO) အတွင်းရေးမှူးချုပ် မစ္စတာ ကျန်းမင်ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၆) နှစ်မြောက်လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ လေးစားအားရဖွယ် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများမှာ မြန်မာပြည်သူများ၏ စိတ်အားထက်သန်သော ကြိုးပမ်းအားထုတ်မှုများကိုထင်ဟပ်စေကြောင်း တွေ့မြင်ရပါသည်။

ယမန်နှစ် ၂၀၂၃ ခုနှစ်က မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၊ ဂိုဟာမြို့၌ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါဝင်ခွင့်စာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ခြင်းသည် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ မိသားစုဝင်အဖြစ် မြန်မာနိုင်ငံ ပါဝင်ခြင်းကို တရားဝင်သတ်မှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့အကြား မိတ်ဖက်ဆက်ဆံရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်း အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။ ထို့ပြင် ကဏ္ဍအသီးသီးတွင် မိမိတို့၏ မိတ်ဖက်ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာစေရန် မိမိအနေဖြင့် မျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်း၊ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်ပါစေကြောင်းနှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသော မြန်မာနိုင်ငံသားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်းနှင့် ကံကောင်းခြင်းများ ကြုံတွေ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁-၂၀၂၄

ကျပ်/လီတာ



ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

- ❑ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များမှလည်း ပါဝင်ဆောင်ရွက်ပေးကြရန်လို**
- ❑ **မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိသည်မှာ ၇၆ နှစ်ရှိပြီဖြစ်၊ ကမ္ဘာပေါ်ရှိ လွတ်လပ်ရေးရရှိသည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများရှိသကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသေးသည့် နိုင်ငံများလည်းရှိ**
- ❑ **မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၊ နိုင်ငံ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံအတွင်းရှိ ပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရန်လို၊ သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းသည့်နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်**

◆ *ရှေ့ဖုံးမှ*

ဥပဒေဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၃၉ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံ့တာဝန်များကို မဖြစ်မနေထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုများကို ဖြေရှင်းပေးရန်အတွက် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဖြေရှင်းပေးခဲ့မှုမရှိကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မဲစာရင်း မှားယွင်းမှုများမှာ မည်သို့မျှလက်ခံ၍မရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေ ကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့**

မိမိတို့အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးပင် ဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့်ပြဿနာကို နိုင်ငံရေးအရမဖြေရှင်းဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဖြေရှင်းရန်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ကြောင်း၊ အဆိုပါအချိန်တွင် မိမိတို့နိုင်ငံ၌ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားလျက်ရှိပြီး နိုင်ငံ၏ စီးပွားရေးမှာလည်း ကျဆင်းလျက်ရှိသည့်အချိန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို မိမိကိုယ်တိုင်ဦးစီး၍ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်လည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

တစ်ဖက်တွင်လည်း ပွဲလန့်တုန်းဖျာခင်းဆိုသကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက အကြမ်းဖက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်လုပ်ဆောင်လာခဲ့ကြောင်း၊ ယခုအချိန်အထိလည်း အချို့နေရာများတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိဆဲပင်ဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်စေရေး တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပြည်သူလူထု၏အားများဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ အနက် နောက်ဆုံးအချက်တွင် **“အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်”** ဟူ၍ ချမှတ်ထားကြောင်း၊ ယခင်အစိုးရလက်ထက် ရွေးကောက်ပွဲ၌ သိက္ခာမဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တည်ငြိမ်အေးချမ်းမှုရှိမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်**

လက်ရှိတက်ရောက်လာကြသည့် ပါတီအားလုံးသည် ဒီမိုကရေစီစနစ်ကို လက်ခံယုံကြည်သည့်သူများဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ပါတီဝင်များအားလုံးအနေဖြင့် ပါတီ၏အမာခံဖြစ်သကဲ့သို့ ဒီမိုကရေစီ၏အမာခံဖြစ်ရန်လိုပြီး ပါတီအင်အားကို နိုင်ငံတော်အတွက် အကျိုးရှိရှိမှန်မှန်ကန်ကန်ဖြင့် အသုံးချနိုင်ရန်လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ပါတီဝင်များမှလည်း ပါဝင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိသည်မှာ ၇၆ နှစ်ရှိပြီဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ လွတ်လပ်ရေးရရှိသည့် နိုင်ငံများတွင် တည်ငြိမ်အေးချမ်းမှုရှိသည့် နိုင်ငံများရှိသကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသေးသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံအတွင်းရှိပြည်သူများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းသည့် နည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းဖြစ်ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရကြောင်း၊ သဘောထားကွဲလွဲမှုများ၊ အားနည်းချက်များကို နိုင်ငံရေးပါတီများအနေဖြင့် သိရှိနားလည်ထားရန်လိုပြီး ပါတီ၏မူဝါဒများ၊ ပန်းတိုင်များကို စနစ်တကျဖြင့် တိကျခိုင်မာအောင် ချမှတ်ဆောင်ရွက်ထားရန်လိုကြောင်း။

**ပါတီများအနေဖြင့်တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များ ချမှတ်၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းနေအရွယ်များအားလုံး ပညာသင်နိုင်ရေး၊ အလုပ်လုပ်နိုင်သူများအားလုံး အလုပ်လုပ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာသင်ကြားနိုင်သည့်အရွယ်တွင် ပညာသင်ကြားနိုင်မည်ဆိုပါက အသိပညာ၊ အတတ်ပညာများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပါတီဝင်များအနေဖြင့် နိုင်ငံအတွင်း ပညာသင်ကြားရမည့်အရွယ် ကလေးငယ်များအားလုံး ပညာသင်ကြားခွင့်ရရှိရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

**သန်းခေါင်စာရင်းကောက်ယူခြင်းသည်မဖြစ်မနေ ဆောင်ရွက်သင့်သည့်နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်**

လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ကြမည့် ပါတီများအားလုံးအနေဖြင့် မိမိတို့ဒေသအလိုက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်အောင် ပါတီအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ရွေးကောက်ပွဲအကြိုလုပ်ငန်းစဉ်ဖြစ်သည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှကောက်ယူသည့် လူဦးရေသန်းခေါင်စာရင်းသည် အခြေခံစာရင်းရှိသဖြင့် ပိုမိုတိကျမှန်ကန်နိုင်မည်ဖြစ်ပြီး အနည်းဆုံး ၁၀ နှစ်လျှင် တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းသည် မဖြစ်မနေ ဆောင်ရွက်သင့်သည့် နိုင်ငံတကာစံနှုန်းတစ်ခုဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှသာလျှင် မဲစာရင်းများကို မှန်ကန်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ပါတီများအနေဖြင့်လည်း ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပြီးခဲ့သည့် ရွေးကောက်ပွဲများတွင် နိုင်သူအကုန်ယူစနစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ PR စနစ်ကျင့်သုံးရေးနှင့် ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားအဖွဲ့များနှင့် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်၍ ပြင်ဆင်သင့်သည့်ကိစ္စရပ်များကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပြင်ဆင်နိုင်ရန်အတွက် လွှတ်တော်လမ်းကြောင်းမှ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

❍ **ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန်အတွက် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရန်လို ၊ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လို၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းဖြစ်ပေါ်လာသည့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများရှိသကဲ့သို့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များလည်း ထိခိုက်ခဲ့ရ၊ သဘောထားကွဲလွဲမှုများ၊ အားနည်းချက်များကို နိုင်ငံရေးပါတီများအနေဖြင့် သိရှိနားလည်ထားရန်လိုပြီး ပါတီ၏မူဝါဒများ၊ ပန်းတိုင်များကို စနစ်တကျဖြင့် တိကျခိုင်မာအောင် ချမှတ်ဆောင်ရွက်ထားရန်လို**

❖ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးမျှော်မှန်းချက်၊ အမျိုးသားရေးရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်၍ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပါတီများအနေဖြင့် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလို**

*စာမျက်နှာ ၃ မှ*

ရွေးကောက်ပွဲအောင်မြင် အထမြောက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိစဉ် လက်နက်ကိုင်အကြမ်းဖက်မှုဖြစ်စဉ်များသည် အဟန့်အတားများ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းမှု ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ပြုလုပ်၍ရသည်ဖြစ်သော်လည်း နိုင်ငံရေးအရ သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းပြည်ကိုကောင်းအောင် ဆောင်ရွက်သွားမည်ဟူသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း၊ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်ကောင်းရာကောင်းကျိုးအတွက် လိုအပ်သည်များကိုလည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

❊ **မိမိတို့အနေဖြင့် တည်ငြိမ်အေးချမ်းမှု ဆောလျင်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ပြုလုပ်၍ရသည်ဖြစ်သော်လည်း နိုင်ငံရေးအရ သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရမည်ဖြစ်၊ နိုင်ငံရေးပါတီများအနေဖြင့် တိုင်းပြည်ကိုကောင်းအောင် ဆောင်ရွက်သွားမည်ဟူသည့် စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လို**

❊ **ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို ထုတ်ပေးထားပြီးဖြစ်၊ တင်ပြချက်များတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ပေးနိုင်ရေးအတွက် မိမိတို့နိုင်ငံ၏ ရငွေဘတ်ဂျက်အပေါ်တွင်မူတည်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်၊ ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်၊ ထောက်ပံ့ကြေးနှင့် ချီးမြှင့်ငွေများကို ဆောင်ရွက်ပေးထား**

## တက်ရောက်လာကြသူများ ဆွေးနွေးတင်ပြ

ထို့နောက် တက်ရောက်လာကြသော မှတ်ပုံတင်ခွင့်ပြုပြီးဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပါတီတစ်ခုချင်းစီအလိုက် လိုအပ်ချက်များ၊ နိုင်ငံ့ကောင်းရာကောင်းကျိုးအတွက် အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် လမ်းညွှန်ချက်၊ စည်းကမ်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်လမ်းညွှန်မှုများဖြင့် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် MSME စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးပါတီများမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ပြည်သူ့လုံခြုံရေးစနစ်တွင် ပါတီများမှ ပါဝင်အားဖြည့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ တိုင်းရင်းသားပြည်သူလူထုအားလုံး တိုင်းချစ်ပြည်ချစ်စိတ်များ တိုးတက်ဖြစ်ပေါ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုအပ်မှု၊ နိုင်ငံရေးပါတီများနှင့်ပတ်သက်၍ ချမှတ်ထားရှိသည့် စည်းကမ်းသတ်မှတ်ချက်များအနက် အချို့သောအချက်များကို ဖြေလျှော့ပေးစေလိုမှု၊ ဒီမိုကရေစီစနစ်ထွန်းကားပြန့်ပွားရေး၊ ပြည်သူ့လုံခြုံရေးစနစ် ခိုင်မာစွာဖြစ်ပေါ်လာရေးတို့အတွက် နိုင်ငံရေးပါတီများကို အခွင့်အလမ်းများ ဖော်ဆောင်ခွင့်ပြုပေးစေလိုမှု၊ ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပါတီရုံးများဖွင့်လှစ်ရာတွင် အခက်အခဲများရှိသည့်အတွက် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ သန်းခေါင်စာရင်းများ မှန်ကန်စွာ ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ နိုင်ငံတော်လုံခြုံရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များ၊ ဆန္ဒမဲပေးခွင့်ရှိသူ နိုင်ငံသားတိုင်းမဲပေးခွင့်ရရှိရေး၊ အခွင့်အရေးဆုံးရှုံးမှုမရှိစေရေး နိုင်ငံတော်မှလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပါတီများကို မှတ်ပုံတင်ခွင့်ပြုပေးခဲ့မှုအခြေအနေများ၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် မကိုက်ညီသည့် အချို့ပါတီများကို ဖျက်သိမ်းခဲ့မှုအခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သတ်မှတ်ထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံရေးပါတီများအနေဖြင့်လည်း ဥပဒေသတ်မှတ်ချက်များပြည့်မီစေရေး ဆောင်ရွက်ရန် လိုအပ်မှုများကိုလည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေးပါတီများအပေါ် သတ်မှတ်ထားသည့် စည်းမျဉ်းသတ်မှတ်ချက်များအား ဖြေလျှော့ပေးစေလိုမှု တင်ပြချက်များအပေါ် ဥပဒေပိုင်းဆိုင်ရာ သုံးသပ်ချက်များကိုလည်းကောင်း၊ ဥပဒေဆိုင်ရာအကြံပေးအဖွဲ့ဝင် ဦးစစ်အေးက ရွေးကောက်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးရာတွင် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ အနည်းငယ်ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့မှုမရှိခဲ့ကြောင်း၊ အစိုးရအနေဖြင့် အလုပ်လုပ်နိုင်အောင် ဖန်တီးပေးရန်နှင့် အောင်မြင်မှုရှိအောင် တွန်းအားပေးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန်မှစ၍ ပြည်ပချေးငွေများ ရရှိခဲ့မှုမရှိသည့်အပြင် စီးပွားရေးအရ ပိတ်ဆို့အရေးယူမှုများစွာကို ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပို့ကုန်မှရရှိသည့်ငွေကြေးများဖြင့်လည်းပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီလိုအပ်ချက်အတွက် နိုင်ငံခြားငွေအများအပြားသုံးစွဲနေရကြောင်း၊ ပြည်တွင်းစက်ရုံ၊ အလုပ်ရုံများအတွက် စက်သုံးဆီလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး ပြည်တွင်းရေနံချက်စက်ရုံများစွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများကို ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ လစာတိုးမြှင့်ပေးနိုင်ရေးအတွက် မိမိတို့နိုင်ငံ၏ ရငွေဘတ်ဂျက်အပေါ်တွင် မူတည်၍ မိမိတို့အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်၊ ထောက်ပံ့ကြေးနှင့် ချီးမြှင့်ငွေများကို ဆောင်ရွက်ပေးထားကြောင်း။

## ရွေးကောက်ပွဲအောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံရေးပါတီများအတွက် လိုအပ်သည်များကို နိုင်ငံတော်မှ တတ်နိုင်သရွေ့ ဖြည့်ဆည်းပေးမည်ဖြစ်သော်လည်း အချို့သောတောင်းဆိုမှုများကို ရေရှည်အတွက်စဉ်းစား၍ ချင့်ချိန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ၏ ပါတီတစ်ခုချင်းအလိုက် တင်ပြချက်များကို မိမိအနေဖြင့် အလေးထားမှတ်သားထားရှိပြီး လုပ်ဆောင်ပေးနိုင်သည်များကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ပါတီများအားလုံးအနေဖြင့် နိုင်ငံ့ကောင်းကျိုး၊ လူထုအကျိုးအတွက် တတ်နိုင်သရွေ့ ညီညီညွတ်ညွတ် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ၊ မနောအက၊ အားကစားပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် မသန်စွမ်းဝှီးချဲဘတ်စကက်ဘော ပြိုင်ပွဲဖွင့်ပွဲများသို့ တက်ရောက်

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် မြစ်ကြီးနားမြို့၌ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားများ၊ ပြခန်းပြပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၆ ရက်က မြစ်ကြီးနားမြို့ Northern Star ဂေါက်ကလပ်၌ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်သည်။



အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ ဂေါက်သီးရိုက်အားကစားသမား ၁၂၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် **(အပေါ်ပုံ)**၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက စပေးဘောဖြစ်သည့် Smoke Ball (ရောင်စုံမီးခိုးဘောလုံး)ကို ရိုက်၍ ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရောရပ်ကွက်အတွင်းရှိ ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်း အတွင်းနှင့်အပြင်တို့တွင် ပြည်နယ်အထွေထွေအုပ်ချုပ်အုပ်ချုပ်ရေးဦးစီးဌာန အရာထမ်း/အမှုထမ်းများနှင့်အတူ အမှိုက်များ ကောက်ယူခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ရုံးဝင်းအဝင်လမ်းဘေးဝဲ/ယာတို့တွင် အလှပန်းပင်များ ဖြည့်စွက်စိုက်ပျိုးနိုင်ရေး၊ ပြည်နယ်နေ့အထိမ်းအမှတ်အခမ်းအနားတွင် သန့်ရှင်းသာယာလှပနေစေရေး ကြိုတင်ပြုပြင်မွမ်းမံနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ရုံးရှေ့မြက်ခင်းပြင်၌ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ပြည်နယ်နေ့အခမ်းအနား အဖွင့်မနောနှင့် အပိတ်မနောအကကို စုပေါင်းကကြရာတွင် ကချင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ မှန်ကန်ညီညာစွာကနိုင်ရေး ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ သူနာပြုသင်တန်းသူများအား အစမ်းလေ့ကျင့်ကပြမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ ကိုယ်ကာယပြန်လည် သန်စွမ်းရေးဌာနခွဲ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် မသန်စွမ်းဝှီးချဲ ဘတ်စကက်ဘောပြိုင်ပွဲသို့ တက်ရောက်ပြီး မသန်စွမ်းအားကစားသမားများအား ရင်းရင်းနှီးနှီး မိတ်ဆက်တွေ့ဆုံ အားပေးကာ မသန်စွမ်းဘတ်စကက်ဘောအားကစားသမားများ အတွက် ဘောလုံးများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲ စတင်ကျင်းပနိုင်ရေး ဘတ်စကက်ဘောကို ဂိုးပိုက်အတွင်းသို့ ပစ်သွင်းဖွင့်လှစ်ပေးခဲ့ကာ ပြိုင်ပွဲကျင်းပမှုများကို ကြည့်ရှုအားပေးကြသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်းရှိ လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ၆၆/၃၃/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ ရမည်းသင်းဓာတ်အားခွဲရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)**





ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်နေသည့် ၆၆/၃၃/၁၁ကေဗွီ ၃၀ အမ်ဗွီအေ ရမည်းသင်း ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ၆၆ ကေဗွီ ရွှေမြို့-ရမည်းသင်း ဓာတ်အားလိုင်းနှင့် ဆက်စပ် ဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုလို ပွင့်လင်းရာသီတွင် တောင်သူများမှာလည်း သီးနှံရိတ်သိမ်းကာလ ဖြစ်သည့်အလျောက် မြို့ပြလုပ်ငန်းများဖြစ်သော မြေကျင်းတူးဖော်ခြင်း၊ တိုင်ထောင်ခြင်းလုပ်ငန်းများနှင့် ကြိုးဆွဲခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက်ဦးစားပေးဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများအလိုက် ပြီးစီးရမည့် အချိန်ဇယားများ ရေးဆွဲထားသည့်အတိုင်း သတ်မှတ်ချိန်ကာလအတွင်း ပြီးစီးနိုင်ရေး အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စောင့်ကြပ်ကြည့်ရှုရေးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်လျက်ရှိသည့် ၆၆/၃၃/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ ရမည်းသင်းဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးပါက ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ် အတွင်းရှိ ဓာတ်အားသုံးစွဲသူ ပြည်သူများအား ဗို့အားပြည့်ဝစွာ ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည့် အပြင် စက်မှုလက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများသို့ ဓာတ်အား ပိုမိုဖြန့်ဖြူးပေးသွားနိုင်မည် ဖြစ်ပြီး ယခုအချိန်တွင် စီမံကိန်း လုပ်ငန်းများ၏ ၉၀ ဒသမ ၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ ၂၀၂၄ ခုနှစ်အတွင်း စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝတည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းကျဆင်း စေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားပြီး ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေ များကို လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ပုဂံဒေသ သန့်ရှင်းသာယာလှပရေးနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**



ခရီးစဉ်ဒေသများ သန့်ရှင်းသာယာလှပပြီး ခရီးသွားဆွဲဆောင်ရာနေရာများသို့ ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်လာရောက်လည်ပတ်ရေး အစီအစဉ်များကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များဖြင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည်ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း သန့်ရှင်းသာယာ လှပစေရေးအတွက် ဌာနဆိုင်ရာများ၊ Bagan Plastic Campaign အဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများ စုစုပေါင်း အင်အား ၄၀၀ ခန့်ဖြင့် စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည့် မြို့ဟောင်းဧရိယာအတွင်းရှိ နေရာများသို့ လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာနန္ဒာဘုရား၊ ရွှေစည်းခုံဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဖူးခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နန်းမြင့်မျှော်စင်သို့ သွားရောက်ပြီး မျှော်စင်ပေါ်၌ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ပုဂံဒေသ၏ စွဲမက်ဖွယ်ရာ မြင်ကွင်းကျယ်ရှုခင်း ကြည့်ရှုရာတွင် အဆင်ပြေမှုရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ မြန်မာ့အစားအစာများအား ရောင်းချရန် စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပုဂံ၊ ညောင်ဦးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညောင်ဦးခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ (Destination Management Organization–DMO) အား Aureum Palace Hotel & Resort ၌ တွေ့ဆုံ၍ **(အပေါ်ပုံ)** ပုဂံခရီးစဉ်ဒေသသည် ပြည်တွင်းခရီးသွားများအတွက်သာမက နိုင်ငံတကာခရီးသွားများအတွက်ပါ ထင်ရှားကျော်ကြားသည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ခရီးစဉ်ဒေသတစ်ခုဖြစ်ပါကြောင်း၊ ပုဂံခရီးစဉ်ဒေသအနေဖြင့် ရှိနှင့်ပြီးသောဆွဲဆောင်မှုများအပြင် ခရီးသွားထုတ်ကုန် အမည်သစ်များဖြင့်လည်း ဆွဲဆောင်နိုင်ခဲ့သောကြောင့် ယင်းဒေသ၏ ပြည်တွင်း ခရီးသွားလုပ်ငန်းမှာ ပြန်လည်တိုးတက်လာခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အလားတူ ပုဂံခရီးစဉ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းနိုင်ရေးအတွက် အသိပညာပေးသင်တန်းများ၊ ဘာသာစကားသင်တန်းများ၊ ဝန်ဆောင်မှုသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ပုဂံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်း၊ ပုဂံခရီးစဉ်ဒေသမှာ မြန်မာနိုင်ငံ၏ အထင်ကရ ခရီးစဉ်ဒေသတစ်ခု ဖြစ်ခြင်း၊ ဒေသခံတို့အနေဖြင့် ပုဂံဒေသ၏ ခရီးသွားလုပ်ငန်းအပေါ် မှီခိုအားထားရခြင်းတို့ကြောင့် ဒေသရှိ ရှေးဟောင်းလက်ရာအမွေအနှစ်များကို ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့သော ခရီးစဉ်ဒေသ ဖြစ်စေရေးတို့အတွက် အားလုံးဝိုင်းဝန်း၍ စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညောင်ဦးခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက ပုဂံခရီးစဉ်ဒေသ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံဒေသအတွင်းရှိ ဝန်ကြီးဌာနမှ ပုဂ္ဂလိကသို့ ငှားရမ်းထားသော ဟိုတယ်များသို့ သွားရောက်၍ ခရီးသွားဧည့်သည်များ လာရောက်တည်းခိုနေထိုင်ရာတွင် ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် Bagan Information and Training Center သို့ သွားရောက်၍ ပုဂံဒေသသို့ လာရောက်သည့် ခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ သတင်းအချက်အလက်များ ပေးစွမ်းနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ယင်းကဲ့သို့တင်ပို့ရာတွင် ကားခအပါအဝင် အခြားကုန်ကျစရိတ်အပါ စုစုပေါင်း ကျပ်သိန်း ၁၂၀ ခန့် ရှိကြောင်းလည်း ပြောကြားသည်။

“မိုင်းလားကတင်ပို့တဲ့အခါ လမ်းကြောင်း ဝေးလွန်းပြီး ကုန်ကျစရိတ်များသလို လမ်းကြောင်းကလည်း ကြာတော့ အသီးတွေ ပုပ်နာတာတွေ ရှိတာကြောင့် တင်ပို့တဲ့အချိန်မှာ လတ်လတ်ဆတ်ဆတ်နဲ့ ခံနိုင်ရည်ရှိတဲ့အသီးတွေကိုပဲ တင်ပို့ရတယ်။ လွယ်ဂျယ်ကနေလည်း တင်ပို့နေတာ။ ကုန်ကျစရိတ်လည်း သိပ်မကွာဘူး။ သူလည်း လမ်းခရီးဝေးတယ်။ လက်ရှိကတော့ လမ်းကြောင်းနှစ်ခုလုံးကနေ တင်ပို့နေတာ”ဟု ဆိုသည်။

**MT**

# ပြည်ပတင်ပို့မှုနည်းသော်လည်း ပြည်တွင်း၌ ဝက်အူချောင်းအသုံးပြုသည့်အစားအစာများ ထုတ်လုပ်နိုင်မည်ဆိုပါက ဝက်အူချောင်းဈေးကွက် ပိုမိုကျယ်ပြန့်လာနိုင်

**ရန်ကုန် ဇန်နဝါရီ ၆**

ပြည်ပကိုတင်ပို့မှုနည်းသော်လည်း ပြည်တွင်း၌ ဝက်အူချောင်းအသုံးပြုသည့် အစားအစာများ ထုတ်လုပ်နိုင်မည်ဆိုပါက ဈေးကွက်ပိုမိုကျယ်ပြန့်လာနိုင်ကြောင်း ဝက်အူချောင်းထုတ်လုပ်သည့် လုပ်ငန်းအသိုင်းအဝိုင်းမှ သိရသည်။

“ပြည်တွင်းမှာလည်း ဝက်အူချောင်းနဲ့ ပတ်သက်တဲ့ အစားအစာတွေထုတ်မယ်ဆိုရင် ဈေးကွက်ကတော့ကျယ်လာနိုင်တယ်။ ထုပ်ပိုးမှုတွေ စနစ်ကျမယ်ဆိုရင် ဈေးကွက်ထဲဖြန့်လို့ရတယ်” ဟု ဝက်အူချောင်းထုတ်လုပ်သည့် လုပ်ငန်းပိုင်ရှင်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံ ဝက်အူချောင်းစားသုံးမှု ပြည်တွင်း၌ ပိုမိုများပြားပြီး ပြည်ပဈေးကွက်သို့ ဝက်အူချောင်း တင်ပို့မှုနည်းပါးနေသေးကြောင်းနှင့် ပြီးခဲ့သည့် ခြောက်လကျော်အတွင်း ဝက်အူချောင်းဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရသည်။

“လောလောဆယ် ပြည်တွင်းမှာပဲ ဈေးကွက်ရှိတယ်။ ဈေးကွက်က ပြည်တွင်းမှာ အဆင်ပြေပြီး လက်ရှိမှာ စားသုံးမှုပိုများတယ်။ ဈေးကတော့ ၂၀၂၃ ခုနှစ် ဒုတိယနှစ်ဝက်မှာ ဈေးတက်လာတာရှိတယ်” ဟု ဝက်အူချောင်းလက်လီလက်ကားရောင်းဝယ်နေသူတစ်ဦးက ဆိုသည်။

ဝက်အူချောင်းအမျိုးအစားများတွင် အသားသီးသန့်၊ အဆီအသား စသည်ဖြင့်ရှိကာ အသားတစ်ပိဿာလျှင် လက်ရှိပေါက်ဈေးငွေကျပ် ၄၅၀၀၀၊ အဆီအသားပါ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀၀ ရှိကြောင်း ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်မြို့နှင့် မြဝတီမြို့တို့သို့ ဖြန့်ဖြူးပေးလျက်ရှိသည့် ဝက်အူချောင်း လက်လီလက်ကားရောင်းဝယ်နေသူတစ်ဦးကဆိုသည်။ **သစ်တော်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နှင့် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံတို့တွင် နှစ်ထပ်ကုသဆောင်သစ်ဖွင့်ပွဲအခမ်းအနားများတက်ရောက်၍ ပြည်သူ့ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့သည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကုသဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ထို့နောက်ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ကြီးချုပ်တို့သည် နှစ်ထပ်ကုသဆောင်သစ်အတွင်းရှိ လူနာခန်းများ၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုကာ လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ကာ အဆောက်အဦသစ်ကို ရေရှည်သန့်ရှင်းသပ်ရပ်စွာ တည်တံ့စေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားကြရန်၊ ကုသရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ကြရန်၊ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်နှင့် ကွင်းဆင်းကုသမှုများ ဆောင်ရွက်ကြရန် မှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ကြို့ပင်ကောက်မြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ်သည် စတုရန်းပေ ၁၈,၆၀၀ ကျယ်ဝန်းပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၅၃၆ ဒသမ ၅ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ကာ လူနာဆောင်များ၊ ခွဲစိတ်ခန်းများ၊ သားဖွားခန်းနှင့် ဆေးပေးခန်းတို့ ပါဝင်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဆက်လက်၍ လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကုသဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးက ဧည့်သည်တော်များအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ပေးအပ်ကာ နှစ်ထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြပြီး နိုင်ငံတော်က နှစ်စဉ်ထောက်ပံ့ပေးအပ်သော ရန်ပုံငွေများကို ပြည်သူများရရှိခံစားနိုင်စေရေး အကျိုးရှိစွာ အသုံးပြုကြရန်၊ လူနာများ စိုက်ထုတ်ကုန်ကျငွေ သက်သာစေရေးအတွက် အဓိကဆေးဝါးများ ထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြား၍ ဆေးရုံတက်ရောက်နေသော လူနာများအား တွေ့ဆုံနှုတ်ဆက်ကာ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံတွင် ယနေ့ဖွင့်လှစ်သည့် ကုသဆောင်သစ်သည် အလျား ပေ ၁၂၀၊ အနံ ၈၆ ပေ ကျယ်ဝန်းပြီး စီမံကိန်းတန်ဖိုး ငွေကျပ် ၂၂၉ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်းများနှင့် ဆေးပေးခန်းများ ပါဝင်ကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဲကုန်းမြို့နယ် အင်းမ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း အရေးပေါ်လူနာဌာန၊ လူနာဆောင်များ၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဆေးစတိုတို့ကို လှည့်လည်ကြည့်ရှုပြီး လူနာများအား တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ထို့နောက် အင်းမ တိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ဆုံကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဝက်ပုတ် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်၍ ပြင်ပလူနာဆေးကုသမှု၊ မီးဖွားခန်း၊ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းများကိုတွေ့ဆုံ၍ လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ ကျန်းမာရေးဝန်ထမ်းများကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သိန်းငါးထောင် ကံထူးရှင်ကို ခြောက်ရက်အကြာတွင်မှ အဆက်အသွယ်ရရှိခဲ့ပြီး ပိုင်ရှင်ကိုယ်တိုင်က ထီပေါက်သည်ကို မသိခဲ့

**ရန်ကုန် ဇန်နဝါရီ ၆**

ပိုင်ရှင်ရှာမရခဲ့သည့် သိန်းငါးထောင် ကံထူးရှင်ကို ခြောက်ရက်အကြာတွင်မှ အဆက်အသွယ် ပြန်လည်ရရှိခဲ့ကာ ပိုင်ရှင်ကိုယ်တိုင်ပင်လျှင် ထီပေါက်သည်ကို မသိခဲ့ကြောင်း အေးငြိမ်းချမ်းသာထီဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဇန်နဝါရီ ၁ ရက်တွင် ဖွင့်လှစ်ခဲ့သော (၅၈)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် အေးငြိမ်းချမ်းသာ ထီဆိုင်ကြီးမှ ဆ-၄၂၈၀၈၈ ထီပေါက်သော သိန်းငါးထောင်ကံထူးရှင်ကို ရှာမရခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင်မှ သိရခြင်းဖြစ်ကာ ကံထူးရှင်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သက်လတ်ပိုင်းအရွယ် အမျိုးသားတစ်ဦးဖြစ်ကြောင်း သိရသည်။

"သူက ကျွန်တော်တို့ဆိုင်မှာ ထိုးတာ မဟုတ်ဘူး။ နေပြည်တော်ဘက် ကျွန်တော့် ကိုယ်စားလှယ်ဆီမှာ ထိုးတာ။ ရောင်းတဲ့ ကိုယ်စားလှယ်က မနေ့က ထီတိုက်တယ်။ ပထမနေ့က သူတိုက်တာ မတွေ့လိုက်ဘူး။ ကျွန်တော်တို့က အတင်းရှာခိုင်းနေတာ ပေါက်တဲ့သူဆုံးရှုံးသွားရင် ဘယ်သူနဲ့မှ အစားထိုးလို့မရဘူး။ အဲဒီတော့ ရအောင်ရှာကြဆိုပြီးတော့ ကိုယ်စားလှယ်တွေကို ရှာခိုင်းတယ်။ ရှာခိုင်းတော့ရှာတဲ့အထဲမှာ မနေ့ညက အဲဒီကိုယ်စားလှယ်က တွေ့တယ်။ တွေ့တော့ ပေါက်တဲ့ကံထူးရှင်ကို မနက်ကျတော့ သူအဲဒီအိမ် အစောကြီးရောက်သွားတာ။ ပေါက်တဲ့ ကံထူးရှင်ကို ထီတိုက်ပြီးပြီလား။ ထီလက်မှတ် လေးပြပါဦး ပြောတော့ ပေါက်တဲ့အထဲက သိန်းငါးထောင်များဖြစ်နေမလား မသိဘူး ဆိုပြီး ကြည့်လိုက်တော့ ဆလိမ်ဆိုပြီး အကုန်လုံး ဝမ်းသာသွားကြတာပေါ့။ ထိုးထားတဲ့ကံထူးရှင်က ဒီနေ့မှသိသွားတာပါ"ဟု အေးငြိမ်းချမ်းသာ ထီဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(၅၈)ကြိမ်မြောက် အောင်ဘာလေ ထီဖွင့်ပွဲမှာ သိန်းငါးထောင်ကံထူးရှင် ရှာဖွေဆက်သွယ်မှု မရရှိခဲ့သည့်အတွက် အဆိုပါထီဆိုင်မှ ကိုယ်စားလှယ်များက ကံထူးရှင်အား ဆက်သွယ်မှုရရှိစေရန် လူမှုကွန်ရက်များ၌ ကြေညာကာ ရှာဖွေခဲ့ကြသည်။

"ကိုယ်စားလှယ်တွေ အကုန်လုံးကလည်း ပို့စ်တွေတင်ပြီး အကုန်လုံးရှာကြတယ်။ ကိုယ်စားလှယ်တွေကလည်း ရအောင်ရှာကြမယ်တဲ့။ ပေါက်တဲ့သူကို ငါတို့ တွေ့ရင် ဂဏန်းတွေမှတ်တာတွေ၊ ပြုတာတွေ လုပ်ဖို့အကုန်လိုက်ရှာကြတာ။ ကျန်တဲ့အကွက်ရာ တွေ့တယ်ဗျ။ အဲဒီပေါက်တဲ့အကွက်ရာကို မတွေ့ဘူးဖြစ်နေခဲ့တာ"ဟု အထက်ပါ တာဝန်ရှိသူက ဆိုသည်။

**သစ်တော်**



## မြောင်းမြမြို့၌ ဆောင်းနေကြာကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာဆွေးနွေးပွဲ ပြုလုပ်

**မြောင်းမြ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ကျုံဝါးစိုက်ပျိုးပညာပေးရေးစင်တာ၌ ရုံးချုပ်နေကြာစိုက်ပျိုးရေးပညာရှင်များက နည်းပညာဆွေးနွေးပွဲကို ယမန်နေ့က ပြုလုပ်သည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲမှာ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းနေကြာကေ ပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရုံးချုပ်နေကြာစိုက်ပျိုးရေးပညာရှင် ငါးဦးတို့က မြောင်းမြခရိုင်နှင့် လပွတ္တာခရိုင် စိုက်ပျိုးရေးဝန်ထမ်း ၅၂ ဦးနှင့် တောင်သူ ၄၀ စုစုပေါင်း ၉၂ ဦးတို့ကို အရည်အသွေးကောင်း နေကြာမျိုးသန့်ထုတ်လုပ်ခြင်း၊ သင့်တော်သည့် မြေအမျိုးအစားနှင့် မြေဩဇာ အသုံးပြုမှုနှုန်းထားများ၊ နေကြာသီးနှံ၌ ကျရောက်တတ်သော အင်းဆက်ဖျက်ပိုးများ၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန် လုပ်ဆောင်ရမည့် စိုက်ပျိုးရေးနည်းစနစ်များ၊ သီးနှံအကန့်လိုက် စိုက်ပျိုးနည်းစနစ်နှင့် သီးနှံပုံစံများအကြောင်းတို့ကို ပညာပေးဆွေးနွေး ပို့ချသည်။

ထို့နောက် မြောင်းမြမြို့နယ် ကန်ကြီးကျေးရွာ တောင်သူ ဦးမိုးဝင်း၏ နေကြာစိုက်ခင်းနှင့် ဝါးခယ်မမြို့နယ် ကြာဖြူကျေးရွာ တောင်သူ ဦးဝင်းဗိုလ်၏ နေကြာစိုက်ခင်းများသို့ သွားရောက်၍ လက်တွေ့ကွင်းဆင်းလေ့လာ၍ ဆွေးနွေးပညာပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ နေကြာဆီ စီမံကိန်းတောင်သူများသို့ သွင်းအားစုပစ္စည်းများပေးအပ်



**ကျောက်တန်း ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ်တွင် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိနေသည့် ဆီထွက်သီးနှံ နေကြာစီမံကိန်းဝင် တောင်သူကြီးများသို့သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက်က ကျောက်တန်းမြို့ မော်ဝန်းမေတ္တာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်နှင့် ဝန်ထမ်းများ တက်ရောက်သည်။

အခမ်းအနားတွင် ကျောက်တန်းမြို့၊ တံတားမြို့ စစ်တပင်ကျေးရွာနှင့် မြကိုင်းကျေးရွာတို့မှ တောင်သူ ၄၂ ဦး၊ စိုက်ဧက ၆၅၀ အတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုကြီး**

ညီညွတ်မှုဖြင့် ရှေ့သို့ချီ
ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ။

## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်း ကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။




**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။**

# MSME ထုတ်ကုန် အရောင်းပြခန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ

## "E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း"တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်ကြမ်းများကို အခြေခံထုတ်လုပ်ထားသော MSME ထုတ်ကုန်များ ရောင်းချ

**နေပြည်တော် ဇန်နဝါရီ ၆**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ပိုမိုကျယ်ပြန့်စွာ ရရှိလာစေရန်နှင့် Digital စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်၍ "E–Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းမေ့လမ်းထောင့်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရန်ကုန်တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီနာယက၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်တို့သည် E–Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး MSME ထုတ်ကုန်အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုသည်။ (အပေါ်ယာပုံ)



ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို MSME Center ရှိ မြေညီထပ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက "E–Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်း" တွင် ပြသရောင်းချမည့်ထုတ်ကုန်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသအလိုက် ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံပြီး ထုတ်လုပ်ထားသော MSME ထုတ်ကုန်များကို တစ်စုတစ်စည်းတည်း ပြသရောင်းချရာနေရာ၊ ဈေးကွက်ချိတ်ဆက်ပေးရာ Platform တစ်ခုဖြစ်ပြီး နိုင်ငံ့စီးပွားရေးမြှင့်တင်ပေးနိုင်မှုနှင့်လည်း ပတ်သက်ဆက်နွှယ်နေသည့်အတွက် အဖိုးတန်အနှစ်သာရများနှင့် ပြည့်နှက်နေသည့် နေရာတစ်ခုဖြစ်ကြောင်း။

MSME ထုတ်ကုန်ပြခန်းတွင် ပါဝင်ပြသရောင်းချသည့် MSME ထုတ်ကုန်များအားလုံးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ MSME လုပ်ငန်းရှင်များက ကိုယ်တိုင်တိုက်ရိုက်ချိတ်ဆက်ပေးပို့၍ ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ လက်လီလက်ကားဝယ်ယူလိုသူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့မှ ပင်ရင်းဆိုင်များအထိ တကူးတက အချိန်ကုန်၊ ငွေကုန်ခံ၍ သွားရောက်ဝယ်ယူစရာမလိုဘဲ ယခုဖွင့်လှစ်သည့် MSME ထုတ်ကုန်ပြခန်းတွင် အဆင်ပြေချောမွေ့ပြီး ယုံကြည်စိတ်ချစွာဖြင့် လာရောက်ရွေးချယ်ဝယ်ယူနိုင်ကြောင်း၊ ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည်လည်း ပင်ရင်းဆိုင်များနှင့် ကွာခြားမှုမရှိဘဲ လက်လီလက်ကားဈေးများသည်လည်း ပြောင်းလဲမှုရှိမည်မဟုတ်ကြောင်း၊ ပြည်ပနိုင်ငံများမှ လာရောက်လည်ပတ်သည့် ဧည့်သည်များအနေဖြင့် မြန်မာ့ထုတ်ကုန်များကို တစ်စုတစ်စည်းတည်း၊ တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာခွင့်ရရှိစေပြီး အရည်အသွေးနှင့် ထုပ်ပိုးမှုကောင်းမွန်လှပသည့် မြန်မာ့ MSME ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ရောက်ရှိစေရန်အတွက် အစပြုသည့် ခြေလှမ်းတစ်လှမ်းဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အထူးအလေးပေးဆောင်ရွက်နေသည့် MSME ကုန်ထုတ်လုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ခြင်းအားဖြင့် နိုင်ငံ့စီးပွားကို မြှင့်တင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် MSME ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းတွင် ပြည်တွင်းလုပ်ငန်းရှင် ၁၇၁ ဦးမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်း ၉၀၆ မျိုးကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာကြည့်ရှု ဝယ်ယူနိုင်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) သို့ ရောက်ရှိပြီး ဆေးပြားနှင့်ဆေးတောင့် ထုတ်လုပ်ရေးအလုပ်ရုံ၌ ဆေးပြားနှင့် ဆေးတောင့်များ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ အရာထမ်းများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဆေးဝါးစက်ရုံ (အင်းစိန်) အနေဖြင့် အများပြည်သူလိုအပ်သော ဆေးဝါးများကို ထုတ်လုပ်ဖြည့်ဆည်းနေသည့် စက်ရုံဖြစ်၍ လုပ်ငန်းတာဝန်များကို အလေးထားဆောင်ရွက်ရန်၊ ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် စက်ပစ္စည်းများ ပျက်စီးမှုမရှိစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ရန်နှင့် လိုအပ်သော စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဖြည့်ဆည်းထားရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို ဆောင်ရွက်ပေးရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ Agro Future Myanmar Co., Ltd. သို့ ရောက်ရှိပြီး တစ်နာရီလျှင် တစ်ဧက စိုက်ပျိုးနိုင်သည့်ကောက်စိုက်စက်များ ထုတ်လုပ်တပ်ဆင်နေမှုအခြေအနေတို့ကို အားပေးကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ထူးခြားသည့် ညအပူချိန်များ**

**နေပြည်တော် ဇန်နဝါရီ ၆**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၂ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့၊ မိုင်းယန်းမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီ၊ ပူတာအိုမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့နှင့် ဖလမ်းမြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# E-Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းများမှ တာဝန်ရှိသူတို့၏ရင်တွင်းစကားသံများ

ရန်ကုန် ဇန်နဝါရီ ၆

**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် ကျိုက်ဝိုင်းဘုရားလမ်းထောင့်ရှိ MSME Center ခန်းမ၌ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ကြီးမှူး၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (MSME)ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်ပိုမိုကျယ်ပြန့်စွာရရှိစေရန်နှင့် Digital စနစ်တွင် လိုက်ပါဆောင်ရွက်နိုင်ရန် E– Market Platform ပေါ်ရှိ MSME ထုတ်ကုန်အရောင်းပြခန်းများနှင့် ပွဲအခမ်းအနားကို ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အဆိုပါပြပွဲမှ MSME လုပ်ငန်းများ အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြသည့် တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ ရင်တွင်းစကားသံများကို စုစည်းတင်ပြလိုက်ပါသည်။**

**ဦးသိန်းဆွေ (စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်)**

ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်မှာ စတင်ပြီး ကျွန်တော်တို့ MSME လုပ်ငန်းတွေက ထုတ်ကုန်တွေကို အွန်လိုင်းကနေ အားလုံးပါဝင်ပြီး ရောင်းချဖို့ One Stop Service အနေနဲ့ E–Market Platform ကို တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ အွန်လိုင်းကနေ ဝယ်ယူသူများက မြေပြင်မှာ ရွေးချယ်ဝယ်ယူလိုတဲ့ ဆန္ဒတွေ၊ တောင်းဆိုတာတွေ ရှိလာတာကြောင့် E–Market Platform ပေါ်မှာ ရောင်းချနေတဲ့ လုပ်ငန်းရှင်တွေရဲ့ ထုတ်ကုန်များကို တစ်စုတစ်စည်းတည်း ပြသရောင်းချနိုင်ဖို့ Show room ကို ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အွန်လိုင်းပေါ်က ရောင်းချနေတာ ၂၁၁ ဦးမှာ ၁၁၇ ဦးက ယနေ့မှာ ပြသရောင်းချတာပါ။ ထုတ်ကုန်အမယ်ပေါင်း ၉၀၆ မျိုး ရှိပါတယ်။

MSME ဟာ နိုင်ငံစီးပွားမြှင့်တင်တဲ့နေရာမှာ အဓိကမောင်းနှင်အားဖြစ်ပါတယ်။ လုပ်ငန်းကြီးတွေဆိုတာ မျိုးစုံသော ပြောင်းလွယ်ပြင်လွယ်လုပ်ဖို့ဆိုတာ ခက်ခဲမှုရှိပါတယ်။ MSME လုပ်ငန်းငယ်တွေဆိုရင် ပြောင်းတာပြင်တာ လုပ်ဆောင်မှုမှာ လျင်မြန်လွယ်ကူပါတယ်။ လုပ်ငန်းကြီးတွေထက် အားသာတဲ့အချက်ပါ။ တိုင်းပြည်ရဲ့ ၉၀ ရာခိုင်နှုန်းကျော်ရှိတဲ့ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် နည်းပညာပေးရမလား၊ ဈေးကွက် ရှာဖွေပေးရမလား၊ ငွေကြေးအရင်းအနှီး ရှာဖွေပေးရမလား၊ အခြားဘာတွေ အခက်အခဲရှိနေလဲ၊ ဒီအခက်အခဲတွေကို ကျွန်တော်တို့ ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်ပေးလိုက်မယ်ဆိုရင် MSME တွေရဲ့ကဏ္ဍဟာ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ MSME ကဏ္ဍ ဖွံ့ဖြိုးလာတယ်ဆိုတာ နိုင်ငံရဲ့ ထုတ်ကုန်မြင့်တက်လာတာဖြစ်တာကြောင့် နိုင်ငံရဲ့ GDP တိုးတက်မြင့်မားခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံစီးပွားမြှင့်တင်ရေးမှာ MSME ကဏ္ဍတွေကို အားပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်ပါဝင်ပြီး ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ကလည်း MSME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ချက်နဲ့အညီ ရှေ့ဆက်လုပ်ဆောင်ရမယ့် လုပ်ငန်းစဉ်တွေအပေါ်မှာ ဖွံ့ဖြိုးတိုးတက်လာအောင် မရပ်မနား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်အောင် (သဘာဝထုတ်ကုန်လုပ်ငန်းရှင်)**

လွန်ခဲ့တဲ့နှစ် ၂၀ က အခုလုပ်ငန်းကို ပျိုးထောင်ခဲ့တာပါ။ အခုလို ထုတ်ကုန်ပြပွဲဆိုတာ



ဦးလှကြည်

မြန်မာနိုင်ငံမှာ ပထမဆုံးဖွင့်လှစ်တာဖြစ်တဲ့အတွက် ဝမ်းသာဂုဏ်ယူဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့ ထုတ်ကုန်တွေကို မြန်မာပြည်တွင်းမှာလည်း မသိကြတာ ရှိတယ်။ အခုလိုပွဲမျိုးကို ကျင်းပပေးတဲ့အတွက် လုပ်ငန်းရှင်အချင်းချင်းလည်း ချိတ်ဆက်မိပြီး ဆွေးနွေးတိုင်ပင်လို့ ရသွားတယ်။ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူသုံးကုန်ပစ္စည်းနဲ့ အစားအသောက်တွေ ထုတ်လုပ်ဖို့ အခွင့်အလမ်းတွေ ရစေပါတယ်။

သဘာဝ ခေါင်းလျှော်ရည်၊ တရော်ကင်ပွန်း၊ ဆံပင်သန်ဆေး၊ စပါးလင်ခြင်ဆေး၊ ရေဆိုးသန့်စင်ဆေးရည်တို့ကို ပြည်တွင်းက သဘာဝပစ္စည်းတွေနဲ့ ထုတ်လုပ်ဖြန့်ဖြူးနေပါတယ်။ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်ပကို မြန်မာ့ထုတ်ကုန်တွေကို ပြသဖို့လည်း စိတ်အားထက်သန်နေပါတယ်။ မြန်မာနိုင်ငံကုန်ပစ္စည်းတွေကို ထုတ်လုပ်မယ်ဆိုရင် အသေးစား စက်မှုလက်မှုလုပ်ငန်းမှာ မှတ်ပုံတင်ဖို့လိုပါတယ်။ ပြီးရင်



ဦးသိန်းဆွေ

MSME မှာ Member ဝင်ပြီးတော့ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ အားပေးပါတယ်။

**ဦးမြင့်သိန်း (ငှက်ပျောလျှော်လုပ်ငန်းရှင်)**

ကျွန်တော်က ငှက်ပျောလျှော်ကနေ အင်္ကျီ၊ အိတ်၊ ဖိနပ်၊ ပိတ်စ ထုတ်လုပ်နေပါတယ်။ MSME နဲ့ ပြပွဲတွေ၊ လုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေတာ ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးက ပြပွဲမှာ ကျွန်တော်ရဲ့ ထုတ်ကုန်တွေကို မိတ်ဆက်ပြသတာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်အချင်းချင်း တွေ့ဆုံဆက်သွယ်မှု ရရှိစေတဲ့အပြင်



ဒေါ်ခင်စန္ဒာငြိမ်း

E– Marketing ထုတ်ကုန်တွေကို ပြည်သူတွေသိပြီး ဈေးကွက်ကျယ်ပြန့်လာစေတဲ့ အကျိုးကျေးဇူးကိုလည်း ရရှိစေပါတယ်။ ငှက်ပျောက ထုတ်လုပ်လို့ရတဲ့ ထုတ်ကုန်တွေကို မြို့ပေါင်း ၂၅ မြို့မှာ သင်တန်းပေးခဲ့ပြီးတော့ ယုံကြည်မှု တည်ဆောက်နေတဲ့ ကာလဖြစ်တဲ့အတွက် ၂၀၂၄ ခုနှစ်မှာ ကျယ်ပြန့်တဲ့ ဈေးကွက်တစ်ခု ရအောင် ကြိုးစားနေပါတယ်။ ပြည်ပပို့ကုန်အတွက် ကျယ်ပြန့်တဲ့ ဈေးကွက်ရဖို့ဆိုရင် အချိန်တစ်ခု ယူရလိမ့်မယ်လို့ ထင်ပါတယ်။ ပိုပြီးကြိုးစားရဦးမှာပါ။ ငှက်ပျောလျှော်ကထုတ်တဲ့ ကုန်ပစ္စည်းတွေကို ထိုင်းနိုင်ငံ ချင်းမိုင်နဲ့ ကမ္ဘောဒီးယားကို တင်ပို့ဖို့ စီစဉ်နေတာရှိပါတယ်။ ဂျပန်ဆိုရင်လည်း နမူနာပစ္စည်းပို့ထားပြီးပါပြီ။

MSME လုပ်ငန်းရှင်တွေ လိုအပ်နေတာက နည်းပညာနဲ့ ငွေကြေးပံ့ပိုးမှုပါ။ နည်းပညာ အားနည်းရင် ပြည်ပကို ထိုးဖောက်ဖို့၊ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ဖို့ မလွယ်ပါဘူး။ ဈေးကွက် ကျယ်ပြန့်ဖို့အတွက်



ဦးဝင်းမြင့်အောင်

စွန့်ဦးတီထွင်ရတာ ဖြစ်တာကြောင့် ငွေကြေးလိုအပ်ချက် ရှိတယ်လို့ ဆိုတာပါ။ ဒီနေ့ပွဲဟာ ပထမဆုံး စတင်မိတ်ဆက်တာ ဖြစ်ပေမယ့် စိတ်ဝင်တစားလာကြတာ များတယ်။ ပိုမိုကျယ်ပြန့်စည်ကားဖို့ဆိုရင် ပွင့်လင်းမြင်သာပြီး လွတ်လပ်တဲ့ ဝယ်ယူရောင်းဝယ်ခွင့်နဲ့ အများပြည်သူ ဝင်ထွက်သွားလာမှု အဆင်ပြေတဲ့ အခြေအနေတစ်ခုဆိုရင် ဝယ်ယူမှု ပိုပြီးများလာမှာပါ။ အခုလို MSME ထုတ်ကုန်တွေကို တစ်စုတစ်စည်းထဲမှာ ပြသရောင်းချနိုင်တဲ့အတွက် နိုင်ငံတော်နဲ့ စက်မှုဝန်ကြီးဌာနကို အထူးပဲ ကျေးဇူးတင်ပါတယ်။



ဒေါ်ဇင်နိုင်မြင့်

**ဦးလှကြည် (သဘာဝဆေးဖက်ဝင်ကမ်းဇော်ဆီလုပ်ငန်းရှင်)**

ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီးက လုပ်ငန်းရှင်တစ်ဦးပါ။ လွန်ခဲ့တဲ့ ၄ နှစ်က ထုတ်ကုန်ပြိုင်ပွဲမှာ တိုင်းဒေသကြီးအနေနဲ့ ဆုရခဲ့ပြီး ဆုရထုတ်ကုန် ၁၀၀ မှာ ရွေးချယ်ခံရတဲ့ သဘာဝဆေးဖက်ဝင် ကမ်းဇော်ဆီ၊ ပရုပ်ဆီ၊ ဒဏ်ကြေလိမ်းဆေးထုတ်ကုန်ကို ဒီနေ့မှာ ပြသတာပါ။ အခုလို ပြသခွင့်ရတဲ့အတွက် မိမိရဲ့ထုတ်ကုန်ကို ပိုမိုသိရှိပြီးတော့ သဘာဝထုတ်ကုန်ဖြစ်တာကြောင့် အာနိသင်ရှိရှိ သုံးစေချင်ပါတယ်။ ပြသခွင့်ရအောင် စီမံဆောင်ရွက်ပေးတဲ့ ဌာနဆိုင်ရာများနဲ့အားလုံးကို ကျေးဇူးတင်ပါတယ်။ ၂၀၂၃ ခုနှစ်မှာ FDA က ထောက်ခံချက်ရဖို့ ကြိုးစားနေပြီးတော့ ပြည်ပပို့ကုန်အတွက်လည်း ပြင်ဆင်နေပါတယ်။ ပထမ ကမ်းဇော်ဆီကို ရိုးရိုးပဲထုတ်ပြီးတော့ နောက်ပိုင်း ဒဏ်ကြေလိမ်းဆေး၊ ပရုပ်ဆီထုတ်ပါတယ်။ တန်ဖိုးမြှင့်အဖြစ် ခေါင်းလျှော်ရည်၊ အသားအလှဆီ၊ ဆပ်ပြာထုတ်လုပ်ပြီး ဈေးကွက်ချဲ့ထွင်ဖို့လည်း



ဦးမြင့်သိန်း

ရှိပါတယ်။ ကမ်းဇော်ဆီဟာ အနာအကျက်မြန်ပြီး အစာအိမ်အူလမ်းကြောင်းနဲ့ ပတ်သက်တာ၊ အရေပြားပေါ်က အနာတွေက အစပျောက်ကင်းပါတယ်။ သုတေသနပြုလုပ်ထားတာ မရှိပေမယ့် ကင်ဆာသသမားတွေ ယုံကြည်စွာသုံးစွဲနေတာ ရှိပါတယ်။ အခုလို ပြပွဲမှာ ပြသနိုင်အောင် ကူညီပေးခဲ့တဲ့ ဌာနဆိုင်ရာအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒေါ်ခင်စန္ဒာငြိမ်း (ခါတော်မီတိုင်းရင်းဆေးနှင့်စားသောက်ကုန်လုပ်ငန်းရှင်)**

MSME ထုတ်ကုန်တွေကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပကိုလည်း ပို့နေပါတယ်။ ထုပ်ပိုးမှုအပိုင်းမှာ ပြည်ပနိုင်ငံအချို့က မကြိုက်သေးတာရှိတယ်။ ဥရောပဆိုရင် ဖန်ပစ္စည်းကို အသုံးများတယ်။ ဒီကပို့တဲ့ ပျားရည်ဆိုရင် ဖန်ပုလင်းနဲ့ ထုပ်ပိုးပြီး တင်ပို့နိုင်ရင် ဈေးကွက်ပိုလှတာသိပေမယ့် ထုပ်ပိုးပစ္စည်း ထုတ်လုပ်ဖို့အခက်အခဲရှိတယ်။ ပြင်သစ်ကို ပို့တဲ့ မြန်မာ့ပျားသံပရာဆိုရင် ပေါင်မုန့်နဲ့ တို့စားတယ်၊ ဖျော်စားတယ်။ တောင်ပေါ်သီးမွှေး ပျားရည်လည်း ထုတ်ပါတယ်။ ပြည်ပပို့ကုန်မှာ နိုင်ငံခြားသားတွေက လက်ဖက်ခြောက်မှာ စံပယ်ပန်း၊ ကြာဖူး၊ ကြာပန်း၊ ဂန္ဓမာပန်း၊ ကံ့ကော်ပန်း၊ သံမနိုင်ကျောက်မနိုင်၊ တောင်ဆီးဖြူ၊ ကြက်သဟင်း၊ ရှောက်ရွက်၊ ကြာသီးရနံ့တို့ကိုလည်း ကြိုက်ကြတယ်။

ပြည်ပပို့ကုန်ကနေ နိုင်ငံစီးပွားမြှင့်တင်ရေးကို အထောက်အကူပြုတဲ့အတွက် MSME ထုတ်ကုန်တွေ ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်စေချင်ပါတယ်။ ထုတ်ကုန်အရည်အသွေးကောင်းသော်လည်း ပါကင်ထုပ်ပိုးမှု စက်ပစ္စည်းလိုအပ်ချက်တွေရှိနေပါတယ်။ ကျွန်မတို့ နိုင်ငံက MSME လုပ်ငန်းမှာ ထုတ်ကုန်တွေကို အတော်များများ ထုတ်နိုင်ကြတယ်။ အကုန်လုံးလည်း ကြိုးစားကြတယ်။ အာရှမှာဆိုရင် နိုင်ငံ တော်တော်များများမှာ ထုတ်ကုန်ပစ္စည်းတွေ ဈေးကွက်မှာ ရှားလာပြီးတော့ ဈေးလည်း ကြီးလာတယ်။ မြန်မာနိုင်ငံက ပစ္စည်းက ဈေးနှုန်းသက်သာနေတဲ့အတွက် စားသုံးသူအတွက် အဆင်ပြေနေတယ်။ အခုလို ပြပွဲဖွင့်လှစ်ပြသနိုင်အောင် ဆောင်ရွက်ပေးတဲ့ အကြီးအကဲတွေအားလုံး၊ စက်မှုဝန်ကြီးဌာနနဲ့ FDA က ဆရာဆရာမတွေ၊ အသင်းအဖွဲ့တွေအားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

**ဒေါ်ဇင်နိုင်မြင့် (ငှက်ပျောသီး၊ ငှက်ပျောခြောက်လုပ်ငန်းရှင်)**

ကျွန်မက ပြည်ပကမျိုးယူတဲ့ သီးမွှေးငှက်ပျောသီးကို စိုက်ပြီး ပြည်ပကို ရေလမ်းကြောင်းကနေ ပို့ပါတယ်။ ပြီးတော့ ငှက်ပျောခြောက်မျိုးစုံလည်း ထုတ်ပါတယ်။ ငှက်ပျောအစိမ်းကြော်၊ အမှည့်ကြော်၊ ဖီးကြမ်းကြော်ဆိုပြီးလည်း ထုတ်ပါတယ်။ ဖိလစ်ပိုင်က မျိုးယူကာ ရောဝတီတိုင်း ကျုံပျော်မှာ စိုက်ပျိုးထုတ်လုပ်ပြီးတော့ အအေးခန်းနဲ့ နိုင်ငံခြားကို ပထမဆုံးငှက်ပျောသီး တင်ပို့ခဲ့တာပါ။ ကုန်စည်ပို့ဆောင်တဲ့အခါမှာ လမ်းပန်းဆက်သွယ်ရေးနဲ့ သွားလာရေးဟာလည်း အရေးကြီးပါတယ်။ ကွန်တိန်နာ ပေ ၄၀ ဖြတ်သန်းဖို့၊ ၅ တန်အထက် ဖြတ်သန်းနိုင်ဖို့အတွက် ကွေ့ပတ်ပြီး သယ်ဆောင်ရတာတွေလည်း ရှိတယ်။ ငှက်ပျောခြံဘေးမှာပဲ အအေးခန်း ထားရှိတာဖြစ်တဲ့အတွက် လျှပ်စစ်အခက်အခဲလည်း ရှိနေပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လုပ်ငန်းရှင်နဲ့ ဌာနဆိုင်ရာ တိုက်ရိုက်ထိတွေ့ဆက်ဆံဖို့ လိုပါတယ်။ လက်တွေ့ လုပ်ဆောင်နေတဲ့ တောင်သူတွေ၊ လုပ်ငန်းရှင်တွေနဲ့ အခုလို တွေ့ဆုံဖို့ တကယ်လိုပါတယ်။ ဒါမှသာ လိုအပ်ချက်ကို တင်ပြဆွေးနွေးလို့ ရမှာပါ။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာနိုင်ငံမှာ မြေယာများစွာရှိနေတဲ့အတွက် တောင်သူတွေအနေနဲ့ စီးပွားဖြစ် လုပ်ငန်းတွေကို ပြောင်းလဲလုပ်ကိုင်သင့်တယ်။

စင်ကာပူ၊ မလေးရှား၊ တောင်ကိုရီးယားကို ငှက်ပျောသီးတင်ပို့တဲ့အခါမှာလည်း ကုန်စည်စီးဆင်းမှု မြန်ဆန်အောင်၊ ဈေးကွက် ပိုမိုခိုင်မာအောင် စီမံဆောင်ရွက်မှုနဲ့ အတူ အရည်အသွေးကောင်းတဲ့ ကုန်ကို တင်ပို့နိုင်ခြင်းဟာ နိုင်ငံရဲ့ MSME လုပ်ငန်းတွေ ပိုမိုအောင်မြင်တိုးတက်လာမယ့် လမ်းစတွေလည်း ဖြစ်ပါတယ်။ ဒီနေ့ပွဲကို လုပ်ဆောင်ပေးတဲ့ အတွက် ပြည်သူသိသွားပြီ၊ ပြည်ပသိအောင် ဆက်လက် လုပ်ဆောင်ဖို့လည်း လိုပါတယ်။ အခုလို ကျင်းပပေးတဲ့ တာဝန်ရှိသူအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်။

**တွေ့ဆုံမေးမြန်း – ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ရဲထွဋ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် ရွှေချီ ရပ်ကွက်အတွင်းရှိ (၆) လမ်းတံတား အနီးဝန်းကျင်နှင့် ငလိုက်ချောင်းတစ်လျှောက်တွင် သန့်ရှင်းသာယာရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် လူမှုရေးအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာ ရှမ်းကန်အဆင့်မြှင့်တင်ခြင်းနှင့် လူလျှောက်လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ် ပေ (၁၄၀x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ **(ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ဖွင့်လှစ်ထားသည့် ပျဉ်းမနားမြို့နယ် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးပြီး သီးနှံအကန့်လိုက်စိုက်ပျိုးနည်းစနစ် (Strip Cropping) များကို သင်ကြားပေးပြီး စံပြစိုက်ခင်းဖြစ်အောင် စိုက်ပျိုးကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အောင်ချမ်းသာကျေးရွာအတွင်းရှိ ရွှေပြည်စိုးဆီစက်လုပ်ငန်း



လည်ပတ်နေမှု၊ ရွှေဥဒေါင်း ပဲကြော် ပဲလှော်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပျဉ်းမနားမြို့နယ် ညောင်ပင်သာကျေးရွာအတွင်းရှိ ရွှေသီးနှံအဆင့်မြင့်ဆန်စက်လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးပြီး ပျဉ်းမနားမြို့နယ် သနပ္ပင်ဆိပ်ကျေးရွာရှိ စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ၌ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲတွင် "တောင်သူများပူးပေါင်းဆောင်ရွက်သော မြေပဲနှင့် နေကြာမျိုးစေ့ထုတ်လုပ်ခြင်း"ခေါင်းစဉ်ဖြင့်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

စိုက်ပျိုးထုတ်လုပ်မှု ကဏ္ဍတွင် တောင်သူနှင့် သုတေသီများ အတွေးအမြင် အယူအဆကွာဟမှုကွက်လပ်မရှိစေဘဲ အပြန်အလှန်နားလည်ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်နိုင်ကြစေရန်၊ တောင်သူများနှင့် ပညာရှင်များ၊ သုတေသီများ စဉ်ဆက်မပြတ် ထိတွေ့ဆွေးနွေးနိုင်ကြစေရန် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum)ကို အပတ်စဉ်စနေနေ့တိုင်း ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပလျက်ရှိသည်။



ယနေ့ နံနက်ပိုင်းတွင် "တောင်သူများ ပူးပေါင်းဆောင်ရွက်သော မြေပဲနှင့် နေကြာမျိုးစေ့ထုတ်လုပ်ခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပသည့် (၂၁)ကြိမ်မြောက် ဆွေးနွေးပွဲတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ တပ်ကုန်းမြို့နယ်တို့မှ တောင်သူများ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ စုစုပေါင်း ၁၀၃ ဦး တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က သုတေသနပညာရှင်များအနေဖြင့် တောင်သူများ၏ မြေပဲသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင်တောင်သူများလက်ရှိကျင့်သုံးနေသည့် စိုက်ပျိုးထုတ်လုပ်မှုကို သုတေသနပြု မှတ်တမ်းတင်ထားရန် Bench Marking လိုအပ်ပါကြောင်း၊ စပါးအပြီး ဆီထွက်သီးနှံများစိုက်ပျိုးရန် နေရာဒေသအလိုက် မြေဆီလွှာအာဟာရ စီမံခန့်ခွဲမှုဆိုင်ရာ သုတေသနများ၊ စပါးအပြီး မြေပဲ၊ မတ်ပဲသီးနှံများအပါအဝင် ယာသီးနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် တစ်ရေ၊ နှစ်ရေ ပေးသွင်းခြင်းဖြင့် သီးနှံအထွက်တိုးခြင်းကို လေ့လာသုတေသနပြုရန် လိုအပ်ပြီး စိုက်ပျိုးမြေတွင် တီကောင်များ ပေါ်ကြွယ်ဝမှုအပြင် ဝတ်မှုန်ကူးပေးနိုင်သည့် အင်းဆက်ပိုးများ ပေါ်ကြွယ်ဝမှုများ လေ့လာရန် လိုအပ်ကာ စပါးအပြီးယာသီးနှံများတွင် ရေသွင်းစနစ်များ ဖွံ့ဖြိုးရန် လိုအပ်လျက်ရှိကြောင်း၊ တောင်သူများအား အထူးမှာကြားလိုသည်မှာ သီးနှံတစ်ခု စိုက်ပျိုးပါက အရင်းကျေသီးနှံတစ်မျိုးမျိုး ထည့်သွင်းစိုက်ပျိုးရန် အကြံပြုတိုက်တွန်းပါကြောင်း ပြောကြားပြီး နိုင်ငံတကာမှ လယ်သမားဈေးကွက်နှင့် စပ်လျဉ်း၍ အတွေ့အကြုံများကို ဗဟုသုတဖြစ်ဖွယ် မျှဝေဆွေးနွေး ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် ဆွေးနွေးပွဲ တက်ရောက်လာကြသော တောင်သူလယ်သမားများက မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်များကို ကိုယ်တိုင်ရောင်းချနိုင်မည့် တောင်သူလယ်သမားဈေးပေါ်ပေါက်လာစေလိုကြောင်းနှင့် ယင်းတို့၏ လယ်ယာလုပ်ငန်းခွင် အခက်အခဲများကို ဆွေးနွေး တင်ပြကြသည်။

(၂၁)ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲ (Farmers' Technical Forum)တွင် **"တောင်သူများ ပူးပေါင်းဆောင်ရွက်သော မြေပဲနှင့် နေကြာမျိုးစေ့ ထုတ်လုပ်ခြင်း"** ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဆီထွက်သီးနှံသုတေသနဌာနစုမှ သုတေသနအရာရှိ ဒေါ်မော်မော်နိုင်က မြန်မာနိုင်ငံ၏ မြေပဲစိုက်ပျိုး ထုတ်လုပ်မှုအခြေအနေ၊ မျိုးရွေးချယ်မှု၊ စိုက်နည်းစနစ်၊ စိုက်ချိန်၊ အပင်ပြုစုစောင့်ရှောက်နည်း၊ မြေပဲသီးနှံ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ ထုတ်ဝေပြီးမျိုးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သုတေသနအရာရှိ ဒေါ်နန်းပပဝင်းက နေကြာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ မြေနေရာရွေးချယ်ခြင်း၊ မျိုးသန့်နယ်နိမိတ် ထားရှိစိုက်ပျိုးခြင်း၊ စိုက်ချိန်ရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်းနှင့် စိုက်ပျိုးခြင်း၊ ပြုစုစောင့်ရှောက်ခြင်း၊ မျိုးသန့် မျိုးစေ့ထုတ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဖြည့်စွက် ဆွေးနွေးပြောကြားပြီး တောင်သူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

# အက်တမ်အနေဖြင့် ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း လူမှုအကျိုးပြုလုပ်ငန်းတွင် ငွေကျပ် ၂၂၇၄ သန်း လှူဒါန်းခဲ့




**နေပြည်တော် ဇန်နဝါရီ ၆**

အက်တမ် (ATOM) အနေဖြင့် ၂၀၂၂ ခုနှစ် ဇွန်လ လုပ်ငန်းစတင်ချိန်မှစ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကုန်အထိ လူမှုအကျိုးပြုလုပ်ငန်းများအတွက် စုစုပေါင်း မြန်မာငွေကျပ် ၂၂၇၄ သန်းကို "ကတိမှသည် လက်တွေ့လုပ်ဆောင်ချက်များဆီသို့" ဆောင်ပုဒ်ဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီမှုများကို အက်တမ်၏ လူမှုအကျိုးပြုလုပ်ဆောင်ချက်များမှတစ်ဆင့် ပြည်သူ ၃၄၆၅၂၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ပညာရေးကဏ္ဍတွင် ကျောင်းသား ကျောင်းသူ ၂၆၀၃ ဦးကျော် ပညာသင်ကြားနိုင်ရန်ရည်ရွယ်ပြီး မိဘမဲ့ ကလေးဂေဟာရှစ်ကျောင်းကို အဆင့်မြှင့်တင်ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းစဉ်များအတွက် မြန်မာငွေကျပ် ၈၈၂ သန်းနှင့် ကျောင်းလေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုံးပစ္စည်းများ ပါဝင်သည့် စာသင်ခန်းများ (ICT Lab) ဆောင်ရွက်နိုင်ရန် မြန်မာငွေကျပ် ၇၂ သန်း မတည်လှူဒါန်းခဲ့သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ ၂၄ နာရီ ပိတ်ရက်မရှိ အခမဲ့တယ်လီဖုန်းဖြင့် လူဦးရေ ၈၆၆၉၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကာ အထူးသဖြင့် ဝေးလံခေါင်ဖျားသောဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ်တွင် "မျှဝေခံစား အက်တမ်၏နှလုံးသား"ဆောင်ပုဒ်အောက်၌ အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ဆုများနှင့် သင်တန်းများကို ပို့ချပေးသွားမည့် ပံ့ပိုးပျိုးထောင်ခြင်းများအပါအဝင် လူမှုအကျိုးပြုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အက်တမ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးဝင်းပိုင်ကျော်ထံမှ သိရသည်။

**ဇော်ဘီ**

# မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၆**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

**တစ်လှေတည်းစီး**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား သွေးချင်းများ**
**တွဲထားလက်များ ခိုင်စေသား။**

# နိုင်ငံရေးရည်ရွယ်ချက်နဲ့ ကျေးဇူးတရားကို ချေဖျက်တဲ့ ဩဇာခံနိုင်ငံ

ကိုရင်မောင်

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ Antara သတင်းဌာနက " Jakarta (ANTARA) – Deputy head of the Inter–Parliamentary Cooperation Agency (BKSAP) of the House of Representatives (DPR), Achmad Hafisz Thohir, stated the world, especially ASEAN countries, must take concrete action for the Myanmar and Rohingya issues." ဆိုပြီး သတင်းထုတ်ပြန်လိုက်တာကို တွေ့ရပါတယ်။ အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Chairman of the Inter– Parliamentary Cooperation Agency – BKSAP) ဒုတိယဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီက ဘင်္ဂါလီအရေးနဲ့ ပတ်သက်ပြီး အာဆီယံအနေနဲ့ မြန်မာနိုင်ငံကို ပြတ်ပြတ်သားသား အရေးယူရမှာဖြစ်တယ်လို့ ပြောကြားလိုက်တာ ကြားသိရပါတယ်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံပွဲတစ်ခုမှာ အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ပါလီမန်များပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံတွေ အထူးသဖြင့် အာဆီယံဒေသရှိ နိုင်ငံတွေဟာ ဘင်္ဂါလီလူမျိုးစု (၎င်းတို့အဆို ရိုဟင်ဂျာ) နဲ့ ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့ ပြဿနာကို ခိုင်မာစွာ အရေးယူဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ရှုတ်ချရုံနဲ့ မလုံလောက်ကြောင်း၊ မြန်မာနိုင်ငံကို ကမ္ဘာ့ဖိုရမ်အမျိုးမျိုးမှ ဖယ်ထုတ်ပြီး လက်နက်နဲ့စီးပွားရေး ပိတ်ဆို့တာ၊ ၎င်းတို့ရဲ့ နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေကို ရပ်ဆိုင်းပစ်တာနဲ့ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူတွေကို အပြည်ပြည်ဆိုင်ရာ တရားရုံးကို ဆွဲတင်ပြီး အရေးယူဆောင်ရွက်တာတွေ လုပ်ဖို့ လှုံ့ဆော်ပေးခဲ့တာကို တွေ့ရပါတယ်။

### ထိပါးစော်ကား

ဒါ့အပြင် လက်ရှိအာဏာရနေတဲ့ မြန်မာအစိုးရဟာ ဘင်္ဂါလီတွေကို ဂရုမစိုက်တော့ဘဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်ဆောင်ဖို့ တွန့်ဆုတ်နေခြင်းမရှိတာကို တွေ့မြင်နေရကြောင်း၊ လက်ရှိမြန်မာအစိုးရရဲ့ တာဝန်ဝတ္တရားကင်းမဲ့မှုတွေအပါအဝင် အခြေခံလူ့အခွင့်အရေးတွေ မရနိုင်တဲ့အတွက်ကြောင့် ဘင်္ဂါလီတွေရဲ့ ဘဝကံကြမ္မာဟာ ပိုမိုပြီး ဝေဝါးလာပါကြောင်း၊ ထိုသို့သော အခြေအနေမျိုးမှာ အာဆီယံနိုင်ငံသားတွေ အားလုံးဟာ မြန်မာနိုင်ငံအစိုးရကို ဘင်္ဂါလီလူမျိုးစုအပေါ် အကြမ်းဖက်မှုနဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေကို ရပ်တန့်ဖို့ ထပ်တိုးအရေးယူမှုတွေ ပြုလုပ်ရမှာဖြစ်ပြီး မြန်မာနိုင်ငံကို အမှန်တကယ်အရေးယူဖို့ အာဆီယံနိုင်ငံတွေကို ဖိတ်ခေါ်ပါကြောင်း အရှက်သိက္ခာမရှိ ပြောကြားလိုက်တာကို ကြားသိခဲ့ရပါတယ်။

အာမတ် ဟာဖစ် တိုဟီဟာ အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံအပေါ် လက်လွှတ်စပယ်ပြောဆိုလိုက်တာမဟုတ်ဘဲ လူမျိုးရေးအရ လည်းကောင်း၊ သခင်အားရအောင် ကျွန်ပါးဝတဲ့ အနေနဲ့လည်းကောင်း၊ အချိန်အခါအရ နိုင်ငံရေးအမြတ်ထုတ်လို၍လည်းကောင်း ရည်ရွယ်ချက်ရှိရှိ ပြောလိုက်တာဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော အာမတ် ဟာဖစ် တိုဟီဟာ မြန်မာ–အင်ဒိုနီးရှား နှစ်နိုင်ငံ ကောင်းမွန်ခဲ့တဲ့ ဆက်ဆံရေးသမိုင်းကြောင်းနဲ့ မြန်မာနိုင်ငံက အင်ဒိုနီးရှားနိုင်ငံအပေါ် ကျေးဇူးပြုခဲ့တာတွေကို သတိမူသင့်ပါတယ်။ နိုင်ငံသမိုင်းကြောင်းကို မလေ့လာဘဲ ဘင်္ဂါလီအရေးကို ဆရာကြီးအကြိုက်ရှေ့တန်းတင်ပြီး မြန်မာနိုင်ငံအပေါ် ထိပါးစော်ကားလာတဲ့ နိုင်ငံရေးတိုက်ကွက်ဟာ စိတ်ပျက်စရာကောင်းလှပါတယ်။ နှစ်နိုင်ငံကောင်းမွန်တဲ့ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်လည်လေ့လာပြီး ဆင်ဆင်ခြင်ခြင် ပြောသင့်ပါတယ်။

### ခေတ်ဆိုးကာလ

အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်းမှာ လွတ်လပ်ရေးရပြီးတဲ့ အချိန်ကစလို့ အင်ဒိုနီးရှားနိုင်ငံဟာ နိုင်ငံတွင်းပုန်ကန်မှု၊ မငြိမ်သက်မှုတွေနဲ့ ခွဲထွက်ရေးလှုပ်ရှားမှုတွေကြားမှာ ရုန်းကန်ထိန်းသိမ်းခဲ့ရပါတယ်။ အာချေးနဲ့ ပါပူအာ အပါအဝင် အချို့လှုပ်ရှားမှုတွေဟာ လက်နက်ကိုင်ပဋိပက္ခအဖြစ်ကို ကူးပြောင်းသွားပြီး နောက်ဆက်တွဲ



နေရပ်စွန့်ခွာ ဘင်္ဂါလီများအား စနစ်တကျ ပြန်လည်လက်ခံနိုင်ရေးအတွက် မောင်တောမြို့နယ်၌ ပြင်ဆင်ပေးထားမှုများကို ၂၀၂၃ မတ်လအတွင်းက အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံ သံရုံးများမှ သံရုံးအကြီးအကဲများကိုယ်တိုင် လိုက်လံကြည့်ရှုလေ့လာကြစဉ်။

> ◆ **အဲဒီအချိန်က အင်ဒိုနီးရှားနိုင်ငံရဲ့ ကြိုးပမ်းလှုပ်ရှားမှုတွေကို ကမ္ဘာတစ်ဝန်းမှ သိရှိနိုင်ရေးအတွက် အသံထုတ်လွှင့်နိုင်ဖို့ ဆက်သွယ်ရေးစနစ်တစ်ရပ်ကိုလည်း မြန်မာနိုင်ငံမှာ တပ်ဆင်ခွင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံရေးအတွက် ရန်ပုံငွေတွေရှာဖွေဖို့နဲ့ အင်ဒိုနီးရှားလွတ်မြောက်ရေး တိုက်ပွဲဝင်သူတွေအတွက် လက်နက်တွေ ပံ့ပိုးဖို့ ဂါရုဒါအင်ဒိုနီးရှားလေကြောင်းလိုင်းကို ပျံသန်းပြေးဆွဲဖို့ကိုလည်း မြန်မာနိုင်ငံက ခွင့်ပြုပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အဆိုပါဖြစ်ရပ်တွေကို ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံ သမိုင်းမှတ်တမ်းတွေကို ယခင်က အင်ဒိုနီးရှားနိုင်ငံရဲ့ခေါင်းဆောင် သမ္မတဆူဟာတို ကိုယ်တိုင်ပြောကြားခဲ့တာဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံကို ထိုစဉ်က မြန်မာနိုင်ငံအကြီးအကဲ ရောက်ရှိစဉ် အင်ဒိုနီးရှားသမ္မတ ဆူဟာတို ပြောကြားခဲ့တဲ့ ကျေးဇူးတင်စကားဟာ ယနေ့ထက်တိုင် မမေ့အပ်တဲ့ နှစ်နိုင်ငံသမိုင်းမှတ်တမ်း ဖြစ်ပါတယ်**

အနေနဲ့ နှစ်ဖက်စလုံးမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။

အာချေးပြဿနာကို ၂၀၀၅ ခုနှစ်မှာ ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ခဲ့ပေမယ့်လည်း ပါပူအာပြဿနာဟာ ဆက်လက်ရှိနေခဲ့ပါတယ်။ သမ္မတ ဆူဆီလို ဘမ်ဘန်း ယူဒိုယိုနို အာဏာရယူပြီးတဲ့ အချိန်မှစလို့ ပြီးပြည့်စုံမှုမရှိသော်လည်း သိသာထင်ရှားတဲ့ ဒေသတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥပဒေကို အကောင်အထည်ဖော်ပြီးတဲ့နောက် ကြမ်းကြုတ်ရက်စက်မှုတွေနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျဆင်းလာပါတယ်။ အခြား စစ်တပ်ရဲ့ ပါဝင်ပတ်သက်မှုတွေမှာ နယ်သာလန်၊ နယူးဂီနီနဲ့ တိုက်ခိုက်ပြီး အင်ဒိုနီးရှားနယ်နိမိတ်အတွင်း သွတ်သွင်းတာ၊ မလေးရှားနိုင်ငံ ထူထောင်တာကို ဆန့်ကျင်တဲ့ အင်ဒိုနီးရှား–မလေးရှား ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ပီကေအိုင်ကို တိုက်ခိုက်ပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေနဲ့ အင်ဒိုနီးရှားရဲ့ အကြီးဆုံးစစ်ပွဲဖြစ်တဲ့ အရှေ့တီမောကို ကျူးကျော်ဝင်ရောက်တာတွေ ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ အာဆီယံအဖွဲ့ကို မြန်မာနိုင်ငံ စတင်ဝင်ရောက်ခဲ့စဉ်က အင်ဒိုနီးရှားနိုင်ငံဟာ လိုလိုလားလားကြိုဆိုခဲ့သလို နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းမှာလည်း ဆက်ဆံရေးကောင်းတွေရှိထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ လွတ်လပ်ရေးရခဲ့ပြီး အဲဒီလွတ်လပ်ရေးကို ခက်ခဲစွာထိန်းသိမ်းနေရတဲ့ အချိန်ကာလမှာ မြန်မာပြည်သူတွေဟာ အဖိုးမဖြတ်နိုင်တဲ့ အကူအညီတွေ ပေးခဲ့ကြပါတယ်၊ အဲဒီအချိန်မှာ သက်တမ်းအင်မတန်နုနယ်သေးတဲ့ အင်ဒိုနီးရှားနိုင်ငံဟာ နိုင်ငံရဲ့ရပ်တည်ဖြစ်ပေါ်မှုကို ခြိမ်းခြောက်လျက်ရှိတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုအရေးကြီးတဲ့ နှစ်ကာလတွေမှာ မြန်မာခေါင်းဆောင်တွေက အင်ဒိုနီးရှားနိုင်ငံနဲ့ ပတ်သက်တဲ့ ညီလာခံတစ်ရပ်ကို နယူးဒေလီမြို့မှာ ကျင်းပဖို့ အိန္ဒိယနိုင်ငံကို တိုက်တွန်းခဲ့ပါတယ်။ ဒီညီလာခံဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ လွတ်လပ်မှုကို နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုလာဖို့ အခြေအနေ ဖြစ်စေခဲ့ပါတယ်။

### မမေ့အပ်တဲ့ သမိုင်း

**အဲဒီအချိန်က အင်ဒိုနီးရှားနိုင်ငံရဲ့ ကြိုးပမ်းလှုပ်ရှားမှုတွေကို ကမ္ဘာတစ်ဝန်းမှ သိရှိနိုင်ရေး**အတွက် အသံထုတ်လွှင့်နိုင်ဖို့ ဆက်သွယ်ရေးစနစ်တစ်ရပ်ကိုလည်း မြန်မာနိုင်ငံမှာ တပ်ဆင်ခွင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံရေးအတွက် ရန်ပုံငွေတွေရှာဖွေဖို့နဲ့ အင်ဒိုနီးရှားလွတ်မြောက်ရေး တိုက်ပွဲဝင်သူတွေအတွက် လက်နက်တွေပံ့ပိုးဖို့ ဂါရုဒါအင်ဒိုနီးရှားလေကြောင်းလိုင်းကို ပျံသန်းပြေးဆွဲဖို့ကိုလည်း မြန်မာနိုင်ငံက ခွင့်ပြုပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အဆိုပါဖြစ်ရပ်တွေကို ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံ သမိုင်းမှတ်တမ်းတွေကို ယခင်က အင်ဒိုနီးရှားနိုင်ငံရဲ့ ခေါင်းဆောင်သမ္မတဆူဟာတို ကိုယ်တိုင် ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံကို ထိုစဉ်က မြန်မာနိုင်ငံအကြီးအကဲ ရောက်ရှိစဉ် အင်ဒိုနီးရှားသမ္မတ ဆူဟာတို ပြောကြားခဲ့တဲ့ ကျေးဇူးတင်စကားဟာ ယနေ့ထက်တိုင် မမေ့အပ်တဲ့ နှစ်နိုင်ငံသမိုင်းမှတ်တမ်း ဖြစ်ပါတယ်။

ဒါ့ပြင် အင်ဒိုနီးရှားနိုင်ငံဟာ ၁၉၈၇ ခုနှစ်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့တဲ့ အမေရိကန်ရဲ့ လုပ်ရပ်ကိုလည်း ကန့်ကွက်ခဲ့ပါသေးတယ်။ မြန်မာအရေးကိစ္စမျိုးမှာ ပိတ်ပင်မှုတွေဟာ ဆီလျော်လိမ့်မယ်၊ အလုပ်ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ အာဆီယံက မယုံကြည်ပါဘူးလို့ ထိုစဉ်က အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလာတပ်စ်က ပြောကြားပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ အာဆီယံအဖွဲ့အတွင်း ထိုက်သင့်တဲ့ ခေါင်းဆောင်မှုမျိုး ပေးနိုင်ခဲ့သလို အာဆီယံအဖွဲ့ကို ပြင်ပသွေးထိုးမှုရန်တွေကလည်း ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံနဲ့ အပြန်အလှန်ကျေးဇူးတရားတွေ ရှိခဲ့တဲ့ အင်ဒိုနီးရှားအနေနဲ့ ယနေ့အချိန်မှာတော့ အင်အားကြီးနိုင်ငံကြီးရဲ့ ဩဇာလွှမ်းမိုးခံဘဝနဲ့ စွက်ဖက်သွေးခွဲမှုတွေကြောင့် အင်ဒိုနီးရှားနိုင်ငံအပေါ် မြန်မာနိုင်ငံထားရှိခဲ့တဲ့ ကျေးဇူးတရားကို ချေဖျက်တာဟာ စိတ်မကောင်းစရာဖြစ်ပါတယ်။ ကျေးဇူးတရားဆိုတာ ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် မချေဖျက်သင့်ပါဘူးဆိုတာ ဘာသာတရားတိုင်းမှာ ရှိပါတယ်။

### ရည်ရွယ်ချက်ရှိရှိ

တကယ်တော့ ယခုအောက်လွှတ်တော် ဒုဥက္ကဋ္ဌက ပြောကြားခဲ့တဲ့စကားဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလလယ်လောက်ကစပြီး အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ထဲကို ခိုးဝင်လာတဲ့ ဘင်္ဂါလီအရေးကိစ္စကို အကြောင်းခံပြီး မြန်မာနိုင်ငံအပေါ် ရမယ်ရှာလာတာ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ အင်ဒိုနီးရှားနိုင်ငံထဲကို ခိုးဝင်လာကြတာဟာ မြန်မာနိုင်ငံနဲ့ ဘာမှ မပတ်သက်ဘူးဆိုတာ သိသာထင်ရှားနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းက ဘင်္ဂါလီ တစ်ရာကျော်ဟာ အင်ဒိုနီးရှားနိုင်ငံ စူမာတြာကျွန်းမကြီးရဲ့ အနောက်မြောက်ဘက်စွန်းရှိ ကျွန်းတစ်ကျွန်းပေါ်ကို လှေစီးပြေးဒုက္ခသည်တွေအဖြစ် ရောက်ရှိလာတာဖြစ်ပါတယ်။ အာချေးပြည်နယ်မှာ ဘင်္ဂါလီတွေကို ကယ်တင်တယ်ဆိုတဲ့ သတင်းကြားလို့ လာခဲ့တာဖြစ်တယ်လို့ လှေစီးပြေးဒုက္ခသည်တစ်ဦးက ပြောပါတယ်။ သူတို့ဘဝကို၊ သူတို့အနာဂတ်ကို ကယ်တင်ဖို့အတွက် အင်ဒိုနီးရှားကို လာခဲ့တာလို့ ပြောပါတယ်။

လှေစီးပြေးဘင်္ဂါလီတွေဟာ လူကုန်ကူးခံရတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

အင်ဒိုနီးရှားနိုင်ငံ ရောက်တဲ့အခါမှာ ဒေသခံတွေရဲ့ မကြည်ဖြူတာကြောင့် နှောင့်ယှက်မှုတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းတွေက ဘင်္ဂါလီတွေဟာ အင်ဒိုနီးရှားနိုင်ငံတစ်နိုင်ငံတည်းကို ရောက်ရှိလာကြတာ မဟုတ်ပါဘူး။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းက ဘင်္ဂါလီတွေဟာ သူတို့သဘော၊ သူတို့ဆန္ဒနဲ့ လှေစီးပြေးဒုက္ခသည်တွေအဖြစ် မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ စတဲ့ နီးစပ်ရာနိုင်ငံတွေကို တရားမဝင် ဝင်ရောက်လာနေကြတာဖြစ်ပါတယ်။ ပင်လယ်ပြင်မှာ သောင်တင်နေတဲ့ ဘင်္ဂါလီတွေကို အင်ဒိုနီးရှားအစိုးရက လက်ခံခဲ့ပြီးဖြစ်သော်လည်း အင်ဒိုနီးရှားအောက်လွှတ်တော်မှ ပုဂ္ဂိုလ်ကြီးက မြန်မာနိုင်ငံကို အပြစ်ပုံချပြီးတော့ နိုင်ငံတကာက ထိထိရောက်ရောက် အရေးယူဖို့ ပြောဆိုလိုက်တာဟာ နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိ လုပ်လိုက်တာ ဖြစ်ပါတယ်။

**ကာယကံရှင်တွေသိ**

ဘင်္ဂါလီတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ မူလဇာတိဖြစ်ပါတယ်။ သမိုင်းကြောင်း ရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ခိုးဝင်ဘင်္ဂါလီပြဿနာတွေကို ခေတ်အဆက်ဆက်အစိုးရတွေက ဖြေရှင်းနေရပါတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားနေထိုင်ခဲ့တဲ့သူတွေမှန်ရင်၊ မြန်မာနိုင်ငံ ဥပဒေတွေနဲ့ ကိုက်ညီရင် အချိန်မရွေး လက်ခံဖို့အသင့်ရှိပါတယ်။ ဥပဒေအချက်အလက်တွေနဲ့မကိုက်ညီလို့ မြန်မာနိုင်ငံကို ပြန်လည်ဝင်မလာကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူသားချင်းစာနာထောက်ထား၊ လူ့အခွင့်အရေးကို အလေးထားပြီး နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံရဲ့ ဥပဒေတွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်နဲ့ စနစ်တကျပြန်လည်လက်ခံနိုင်ဖို့ တစိုက်မတ်မတ် အဆင်သင့်ပြင်ဆင် လုပ်ကိုင်ပေးထားပါတယ်။ သူ့အကြောင်းနဲ့သူ၊ သူ့သဘောဆန္ဒနဲ့သူ ရောက်မလာတာကတော့ ကာယကံရှင်တွေကိုယ်တိုင်ပဲ သိနိုင်ပါတယ်။

**※ ဘင်္ဂါလီတွေဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ မူလဇာတိဖြစ်ပါတယ်။ သမိုင်းကြောင်း ရှည်လျားပြီး ရှုပ်ထွေးနက်နဲတဲ့ ခိုးဝင်ဘင်္ဂါလီပြဿနာတွေကို ခေတ်အဆက်ဆက် အစိုးရတွေက ဖြေရှင်းနေရပါတယ်။ မြန်မာနိုင်ငံမှာ မွေးဖွားနေထိုင်ခဲ့တဲ့သူတွေမှန်ရင်၊ မြန်မာနိုင်ငံဥပဒေတွေနဲ့ ကိုက်ညီရင် အချိန်မရွေး လက်ခံဖို့အသင့်ရှိပါတယ်။ ဥပဒေအချက်အလက်တွေနဲ့ မကိုက်ညီလို့ မြန်မာနိုင်ငံကို ပြန်လည်ဝင်မလာကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လူသားချင်းစာနာထောက်ထား လူ့အခွင့်အရေးကို အလေးထားပြီး နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေကို မြန်မာနိုင်ငံရဲ့ ဥပဒေတွေနဲ့အညီ ဘင်္ဂလားဒေ့ရှ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက်နဲ့ စနစ်တကျပြန်လည်လက်ခံနိုင်ဖို့ တစိုက်မတ်မတ် အဆင်သင့်ပြင်ဆင်လုပ်ကိုင်ပေးထားပါတယ်။ သူ့အကြောင်းနဲ့သူ၊ သူ့သဘောဆန္ဒနဲ့သူ ရောက်မလာတာကတော့ ကာယကံရှင်တွေကိုယ်တိုင်ပဲ သိနိုင်ပါတယ်**

အခုကိစ္စမှာ သူတို့နှစ်သက်တဲ့၊ သူတို့ကို ကယ်တင်စောင့်ရှောက်ပေးမယ်ထင်တဲ့၊ သူတို့နဲ့ အမျိုးအနွယ်၊ ဘာသာဆက်စပ်တဲ့ အသိုက်အဝန်းတွေဆီကို သွားကြတာဖြစ်ပါတယ်။ အဲဒီလိုသွားရောက်ကြတာဟာ မြန်မာနိုင်ငံ ပယောဂ စိုးစဉ်းမျှမပါဘူးဆိုတာလည်း အဲဒီဘင်္ဂါလီတွေ အသိဆုံးဖြစ်ပါတယ်။ အခုတော့ အင်ဒိုနီးရှားအောက်လွှတ်တော် ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌကြီး ပြောလိုက်တဲ့စကားဟာ ဘင်္ဂါလီအရေးကို အကြောင်းပြပြီး မြန်မာနိုင်ငံပြည်တွင်းရေးကို တမင်သက်သက် ဝင်ရောက်စွက်ဖက်လိုက်တာ ထင်ရှားပါတယ်။ နေရပ်စွန့်ခွာကြတဲ့ ဘင်္ဂါလီအရေးဟာ အခုမှဖြစ်နေတာမဟုတ်ပါဘူး။ ခေတ်အဆက်ဆက် ပေါ်ပေါက်နေတဲ့အရေးသာ ဖြစ်ပါတယ်။ နေရပ်စွန့်ခွာ တရားမဝင် ရွှေ့ပြောင်းခိုလှုံသူတွေကိစ္စဟာ ကမ္ဘာပေါ်က နိုင်ငံအတော်များများမှာ ဖြစ်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

**ယုတ်ညံ့တဲ့လုပ်ရပ်**

ဒါပေမယ့် ဘင်္ဂါလီအရေးနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံအပေါ် ပုံကြီးချဲ့ကား အကြိမ်ကြိမ်ဖိအားပေးနေကြတာကို ကုလသမဂ္ဂကအစ အိုအိုင်စီနိုင်ငံတွေရဲ့ အလုပ် တစ်ခုဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ကတော့ ဇာတ်တူသားအချင်းချင်းဖြစ်တယ်ဆိုပေမယ့် သူတို့ရဲ့ နိုင်ငံရေးသမိုင်းမှာ မြန်မာနိုင်ငံက ကူညီဆောင်ရွက်ပေးခဲ့တာကို မထောက်ထားဘဲ အပြစ်ပုံချ ဖိအားပေးစွက်ဖက်နှောင့်ယှက်လာတာဟာ နိုင်ငံက ဘယ်လိုပဲ အဆင့်အတန်းမြင့်မြင့် စိတ်ဓာတ်က အောက်တန်းကျနေတာ ပေါ်လွင်နေပါတယ်။ အင်ဒိုနီးရှား ခေတ်ဆိုးကာလတုန်းက မြန်မာနိုင်ငံက စေတနာရှေ့ထား ကူညီခဲ့ပေမယ့် မြန်မာနိုင်ငံအခက်အခဲဖြစ်နေချိန်မှာ ပြန်လည်မကူညီဘဲ အနှောင့်အယှက်ပေးတာဟာ ယုတ်ညံ့တဲ့လုပ်ရပ်လို့ ဆိုလိုချင်ပါတယ်။

နေရပ်စွန့်ခွာသွားတဲ့ ဘင်္ဂါလီတွေ ပြန်လည်လက်ခံရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို မြန်မာနိုင်ငံက လုပ်ကိုင်ဆောင်ရွက်ပေးတဲ့အခါမှာလည်း ဇာတ်တူသားအချင်းချင်းဖြစ်လျက်နဲ့ ထဲထဲဝင်ဝင် ထိထိရောက်ရောက် ဘာမှကူညီခဲ့တာလည်းမရှိခဲ့ပါဘူး။ ဇာတ်တူသားတွေကို အသုံးချပြီး နိုင်ငံရေးအမြတ်ထုတ်ဖို့ ကြိုးစားနေတဲ့ လုပ်ရပ်တွေကိုပဲ တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ခေတ်ဆိုးကာလကို ယနေ့မှာ ကျော်ဖြတ်နေဆဲအချိန်ဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံကတော့ ခေတ်ဆိုးကာလကို ကျော်လွှန်ပြီး စင်ပေါ်ရောက်နေတဲ့ကာလ ဖြစ်ပါတယ်။ ခေတ်ဆိုးကာလမှာ မြန်မာနိုင်ငံက ကူညီခဲ့တာတွေကို မသိကျိုးကျွန်ပြုပြီး သူတို့ စင်ပေါ်ရောက်လာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ကျေးဇူးတရားတွေကို ချေဖျက်ပစ်မယ်ဆိုရင် နောင်တစ်ချိန်မှာ သမိုင်းတစ်ပတ်လည်လိမ့်မယ်လို့ သတိပေးချင်ပါတယ်။

နိုင်ငံရေး၊ လူမျိုးရေးရည်ရွယ်ချက်ကို ရှေ့တန်းတင်ပြီး မိမိနိုင်ငံအပေါ် ကူညီဆောင်ရွက်ပေးခဲ့တဲ့ ကျေးဇူးတရားကို ချေဖျက်တတ်တဲ့ အင်အားကြီးနိုင်ငံကြီးရဲ့ဩဇာခံ စင်ပေါ်ရောက်နေတဲ့ နိုင်ငံဟာ အမြင်အရလှပေမယ့် အတွင်းသရုပ်ပုပ်နေတဲ့ ရွှံ့ရှာဖွယ်နိုင်ငံမျိုးဖြစ်တယ်လို့ ပြောလိုက်ချင်ပါတယ်။ ။

## လပွတ္တာမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**လပွတ္တာ ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လပွတ္တာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လပွတ္တာ-မြောင်းမြကားလမ်းမှ ဥဏ်ကွင်း (ကံရွာ)သို့ ဆက်သွယ်သောလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်းနှင့် တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လပွတ္တာ-မြောင်းမြကားလမ်းမှ ဥဏ်ကွင်း (ကံရွာ) သို့ ဆက်သွယ်သောလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းသည် အရှည် ၀/၄ ဒသမ ၁၁ မိုင်၊ အကျယ် ၁၄ ပေ ရှိပြီး ရန်ပုံငွေကျပ် ၁၂၃ ဒသမ ဂ၇၆ သန်းဖြင့် လပွတ္တာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသောလမ်းဖြစ်သည်။ ကျေးရွာအုပ်စုလေးအုပ်စု၊ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၁၅၇၀၊ လူဦးရေ ၆၂၁၁ ဦးအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါကျေးရွာများရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသထွက် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)



## မကွေးတိုင်းဒေသကြီး၌ သုံးလအတွင်း အငြိမ်းစားဝန်ထမ်း ၉၀၀၀ နီးပါးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်

**မကွေး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဆေးရုံများတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ကုသပေးခြင်း၊ လွှဲပြောင်းပေးခြင်း၊ စုပေါင်းလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ ကျန်းမာရေး ဟောပြောခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလမှစ၍ အငြိမ်းစားဝန်ထမ်း ၈၉၃၈ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးစစ်ဆေးမှု ဆောင်ရွက်ပေးရာတွင် သွေးချို၊ ဆီးချိုရောဂါနှင့် ပတ်သက်၍ ၁၂၀၅ ဦးအား ကုသမှုပေးခြင်းနှင့် လေးဦးအား ညွှန်းပို့ပေးခြင်း၊ သွေးတိုးရောဂါနှင့်ပတ်သက်၍ ၂၃၈၂ ဦးအား ကုသမှုပေးခြင်းနှင့် ၁၁ ဦးအား ညွှန်းပို့ပေးခြင်း၊ နှလုံးရောဂါနှင့်ပတ်သက်၍ ၄၆၆ ဦးအား ကုသမှုပေးခြင်းနှင့် ငါးဦးအား ညွှန်းပို့ပေးခြင်းတို့ ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့အပြင် တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၅၂၆၈၄ ဦးအား တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စားသောက်ကုန်များ ထောက်ပံ့ပေးမည်ဖြစ်ကာ ယခု မကွေးမြို့ပေါ်ရပ်ကွက်များရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၂၄၀၀ အား ဆန်၊ ဆီ၊ ကုလားပဲများ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများကိုလည်း တာဝန်ရှိသူများက ဆက်လက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းပင်စင်စား တစ်ဦးလျှင် ဆန်တစ်ပြည်၊ ဆီ ၃၀ ကျပ်သား၊ ကုလားပဲ ၃၀ ကျပ်သားကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**အောင်ကို (ပြန်/ဆက်)**

## မုံရွာခရိုင်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ဧက ၆၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆောင်းနှမ်းဧက ၆၆၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

မုံရွာခရိုင်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆောင်းနှမ်း ၆၆၉၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၆၆၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ ဆောင်းနှမ်း ၆၆၄၁၄ ဧက စိုက်ပျိုးပြီးပါပြီ။ ဆက်လက် စိုက်ပျိုးလျက်ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်း စနစ်တွေနဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးက ပြောသည်။

မုံရွာခရိုင်အတွင်း မြို့နယ်အလိုက် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၂၅၅၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၅၂၅၇ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၈၇၅ ဧကနှင့် အရာတော်မြို့နယ်တွင် ၂၄၇၂၇ ဧက စုစုပေါင်း ၆၆၄၁၄ ဧက ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ယခင်နှစ် နှမ်းစိုက် တောင်သူများအား ဆောင်းနှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေး အတွက် ခရိုင်/မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ **ခရိုင် (ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် ပဒေသာတံဆိပ် မုန့်ကြွပ်လုပ်ငန်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် လမ်းမတော်လမ်း ရွှေပြည်ရန်အောင်ရပ်ကွက်ရှိ ပဒေသာမုန့်ကြွပ်လုပ်ငန်း၏ ထုတ်လုပ်ဖြန့်ဖြူးနေမှုနှင့် ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှု အခြေအနေကို ပြည်သူများသိရှိစေရန် မုန့်ကြွပ်လုပ်ငန်းမှ ဦးတင်ရွှေ၏သား ဦးတင်မောင်ထွန်း အား သွားရောက် တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ရပါသည်။

တွေ့ဆုံမေးမြန်း - စန်းစန်းကြူ
ဓာတ်ပုံ - မင်းမင်းထွေး(ပျော်ဘွယ်)

**မေး။ ။ ပဒေသာမုန့်ကြွပ်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကို ရှင်းပြပေးပါ။**

ဖြေ။ ။ ပဒေသာမုန့်ကြွပ်လုပ်ငန်းကို ၁၉၆၇ ခုနှစ်ကတည်းက ဘိုးဘွားများလက်ထက်မှာ ရွှေဥဒေါင်းအမည်နဲ့ စတင်ဆောင်ရွက်ခဲ့ရာမှ လက်ရှိမိသားစုသားသမီး၊ မြေးတွေလက်ထက်မှာ ပဒေသာအမည်နဲ့ ထပ်မံတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာတာ ဖြစ်ပါတယ်။

**မေး။ ။ လက်ရှိဈေးကွက်မှာဝယ်ယူရရှိနိုင်အောင်ထုတ်လုပ်ထားတဲ့ မုန့်အမျိုးအစားကို သိပါရစေ။**

ဖြေ။ ။ မုန့်ကြွပ်ထုတ်လုပ်မှုအနေနဲ့ အမျိုးအစားအားဖြင့် နို့မုန့်ကြွပ်၊ ထောပတ်မုန့်ကြွပ်၊ ဆီးချိုသမား စားတဲ့မုန့်ကြွပ်၊ မုန့်ကြွပ်ခြောက်၊ ကြိတ်သားဘီးကုပ်မုန့်ကြွပ်၊ မုန့်ကြွပ်ချောင်းဆိုပြီး ခြောက်မျိုး ထုတ်လုပ်ရောင်းချပေးပါတယ်။

**မေး။ ။ လက်ရှိဈေးကွက်အတွင်း ရောင်းချပေးရာမှာ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းလည်း သိပါရစေ။**

ဖြေ။ ။ လက်ရှိ ဈေးကွက်မှာရောင်းချပေးတာက ပျော်ဘွယ်မြို့ ပြည်ထောင်စုကားလမ်းမဘေးမှာ ဆိုင်ခန်းဖွင့်လှစ်ပြီး ရောင်းချပေးပါတယ်။ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းကတော့ နို့မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၂၅၀၀၊ ထောပတ်မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၂၃၀၀၊ ဆီးချိုသမားစားတဲ့ မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၂၀၀၀၊ မုန့်ကြွပ်ခြောက်တစ်ထုပ် ငွေကျပ် ၂၀၀၀၊ ဘီးကုပ်မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၁၂၀၀၊ မုန့်ကြွပ်ချောင်း(သေး) တစ်ထုပ် ငွေကျပ် ၁၀၀၀ နဲ့ ရောင်းချပေးပါတယ်။

**မေး။ ။ ဘယ်လိုကုန်ကြမ်းပစ္စည်းတွေကို အသုံးပြုတာလဲ၊ ပြုလုပ်ပုံအဆင့်ဆင့်ကို ပြည်သူတွေသိရှိစေဖို့ မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။ ကုန်ကြမ်းတွေကတော့ ဂျုံ၊ သကြား၊ ကြက်ဥ၊ နို့မုန့်၊ ထောပတ်၊ ဆီ၊ မုန့်ပွဆေး စတာတွေကို အဓိကထားပြီး အသုံးပြုရပါတယ်။ မုန့်ကြွပ်ပြုလုပ်ပုံ အဆင့်ဆင့်ကတော့ မုန့်ပွဆေးကို ညဦးပိုင်းကတည်းက အလျှင်ဖောက်ရပါတယ်။ ဂျုံ ၁၅ ပိဿာ လုပ်မယ်ဆိုရင် အဲဒါနဲ့ လိုက်ဖက်တဲ့ သကြား၊ ကြက်ဥ၊ ထောပတ်၊ နို့မှုန့်စတာတွေကို အချိုးကျ ရောစပ်ရပါတယ်။ အမျိုးအစားမတူတဲ့ အတွက် ရောစပ်မှုပုံစံလည်း မတူပါဘူး။

ပြီးလို့ရှိရင် ဂျုံအပါအဝင် ရောစပ်ပြီးသမျှကို မုန့်မွှေတဲ့ဆုံမှာ မွှေရပါတယ်။ အဲဒီအခါမှာ မုန့်သားရလာပါတယ်။ ရလာတဲ့မုန့်သားတွေကို လုပ်သားတွေက သတ်မှတ်ထားတဲ့ ပုံစံဖြစ်တဲ့ မုန့်ကြွပ်ချောင်း၊ မုန့်ကြွပ်ပြား၊ ဘီးကုပ်ပုံစံ စတာတွေကို လှီးဖြတ်ပြီး မီးဖုတ်တဲ့ လင်ပန်းပေါ် စီစီရီရီ တင်ပေးရပါတယ်။ မုန့်သားပွလာပြီဆိုရင်တော့ မီးဖိုမှာရှိတဲ့ လုပ်သားက အဲဒီမုန့်လင်ပန်းတွေကို မီးဖိုထဲမှာ အချိန်ခဏကြာ ထည့်ကင်ပေးရပါတယ်။ အချိန်ခဏကြာပြီးနောက်မှာ မုန့်ကြွပ်အစိုကို ရရှိလာပါတယ်။ ရရှိလာတဲ့ မုန့်ကြွပ်အစိုကို လုပ်သားတွေက တစ်ခုချင်းစီ ပြန်ခွာပေးရပါတယ်။ ပြန်ခွာလို့ရလာတဲ့ မုန့်ကြွပ်အစိုကို မီးကင်တဲ့ လင်ပန်းပေါ်မှာတင်ပြီး မီးကင်တဲ့မီးဖိုမှာ မုန့်ကြွပ်ဖြစ်ဖို့အတွက် ဆက်လက်လုပ်ဆောင်ရပါတယ်။

မုန့်ကြွပ်အစိုရဖို့အတွက် အသုံးပြုရတဲ့ မီးဖိုနဲ့ မုန့်ကြွပ်ဖြစ်ဖို့ မီးကင်တဲ့ မီးဖိုနှစ်ခုက ကွာခြားမှုရှိပါတယ်။ အပူပေးမှုနှုန်းမတူပါဘူး။ အသုံးပြုပုံချင်းလည်း မတူပါဘူး။ မုန့်ကြွပ်ရလာပြီဆိုရင် ရောင်းချဖို့အတွက် လုပ်သားတွေက ထုပ်ပိုးမှုတွေ လုပ်ဆောင်ရပါတယ်။ ပြီးရင် မုန့်ထည့်တဲ့ ကတ်ပုံတွေထဲကိုထည့်ပြီး သက်ဆိုင်ရာ ဈေးကွက်တွေကို ပို့ဆောင်ပေးရပါတယ်။

**မေး။ ။ မုန့်တိုက်မှ တစ်နေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခြေအနေနဲ့ အဓိကဘယ်လို နေရာတွေကို တင်ပို့ရောင်းချနေသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ တစ်နေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအနေနဲ့ မုန့်ကြွပ်ထုပ်ရေ ၁၀၀၀ မှ ၁၅၀၀ ကြားကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အဓိကတော့ ပျော်ဘွယ်မြို့ရဲ့ အမှတ်တရလက်ဆောင်မုန့်တစ်ခုအနေနဲ့ ထုတ်လုပ်ရောင်းချပေးတာပါ။ ဒေသခံမြို့သူမြို့သားတွေ ခရီးသွားတဲ့အခါ မိမိဒေသရဲ့ လက်ဆောင်မုန့်တစ်ခုအဖြစ် ဝယ်ယူသွားကြတယ်။ နောက်ပြီး မြို့ကိုရောက်ရှိလာကြတဲ့ ခရီးသွားပြည်သူတွေလည်း လက်ဆောင်မုန့်အနေနဲ့ လာရောက်ဝယ်ယူကြတယ်။ ပျော်ဘွယ်မြို့အပြင် သီးခြားနေရာတွေဖြစ်တဲ့ အောင်ပန်း၊ ကလော၊ တောင်ကြီး ၊ ရွှေညောင်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ ရန်ကုန်မြို့တွေမှာပါ မုန့်ဆိုင်အရောက် ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်။

**"တစ်နေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအနေနဲ့ မုန့်ကြွပ်ထုပ်ရေ ၁၀၀၀ မှ ၁၅၀၀ ကြားကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အဓိကတော့ ပျော်ဘွယ်မြို့ရဲ့ အမှတ်တရလက်ဆောင် မုန့်တစ်ခုအနေနဲ့ ထုတ်လုပ်ရောင်းချပေးတာပါ။ ဒေသခံမြို့သူမြို့သားတွေ ခရီးသွားတဲ့အခါ မိမိဒေသရဲ့ လက်ဆောင်မုန့်တစ်ခုအဖြစ် ဝယ်ယူသွားကြတယ်။ နောက်ပြီး မြို့ကိုရောက်ရှိလာကြတဲ့ ခရီးသွားပြည်သူတွေလည်း လက်ဆောင်မုန့်အနေနဲ့ လာရောက်ဝယ်ယူကြတယ်။ ပျော်ဘွယ်မြို့အပြင် သီးခြားနေရာတွေဖြစ်တဲ့ အောင်ပန်း၊ ကလော၊ တောင်ကြီး ၊ ရွှေညောင်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ ရန်ကုန်မြို့တွေမှာပါ မုန့်ဆိုင်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါတယ်"**



**မေး။ ။ မုန့်ကြွပ်လုပ်ငန်းလည်ပတ်မှုအတွက် ဝန်ထမ်းဦးရေ ဘယ်လောက်ရှိပါလဲ။**

ဖြေ။ ။ မုန့်ကြွပ်လုပ်ငန်းမှာတော့ ဝန်ထမ်းဦးရေ အမျိုးသား အမျိုးသမီး စုစုပေါင်း ၄၀ ရှိပါတယ်။

**မေး။ ။ ကိုယ်ပိုင်လုပ်ငန်းလေးကနေစတင်ပြီး MSME လုပ်ငန်းအထိဖြစ်အောင် အသေးစား စက်မှုလက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားရှိမှုကိုလည်း သိပါရစေ။**

ဖြေ။ ။ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ် မတလ/လတ်/၂၂၈၁ ဖြစ်ပါတယ်။

ပျော်ဘွယ်မြို့နယ်ရှိ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများအနက် မုန့်ကြွပ်လုပ်ငန်းသည် မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးနိုင်ရေးနှင့် နိုင်ငံတော်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



ထုပ်ပိုးပြီးသော မုန့်များကို ဆိုင်ပေါ်တွင် ရောင်းချနေမှုကို တွေ့ရစဉ်။



မုန့်လုပ်ပုံစံခွက်အတွင်း အစီအရီထည့်ထားသော မုန့်အစိုများ။

# ပြင်းထန်သည့်မတော်တဆမှုဖြစ်ပွားပြီးနောက် အလက်စကာလေကြောင်းလိုင်းမှ ဘိုးအင်း ၇၃၇ - မက်စ် ၉ အက်စ် လေယာဉ်များ ပြေးဆွဲမှုရပ်ဆိုင်း

**ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၆**

အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ် ပေ့ါလန်း၌ ပြင်းထန်သည့်မတော်တဆမှုဖြစ်ပွားပြီးနောက် အလက်စကာလေကြောင်းလိုင်းသည် ၎င်းတို့လေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၃၇ – မက်စ် ၉ အက်စ် လေယာဉ် ၆၅ စင်းစလုံးကို စုံစမ်းစစ်ဆေးမှုပြုလုပ်ရန်အတွက် ယာယီရပ်နားထားမည်ဟု ဇန်နဝါရီ ၅ ရက် ညပိုင်းကကြေညာခဲ့သည်။

အလက်စကာလေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၃၇ – မက်စ် ၉ အက်ဖ်သည် အမြင့်ပေ ၁၆၀၀၀ တွင် လေယာဉ်ကိုယ်ထည် ပြတင်းပေါက် ကျိုးပျက်သွားခဲ့သည်။ အဆိုပါလေယာဉ်သည် ကယ်လီဖိုးနီးယားရှိ အွန်တေရီယိုသို့ ဦးတည်သွားနေခြင်းဖြစ်ပြီး ပျံသန်းပြီး မိနစ် ၂၀ ခန့်အကြာတွင် ပေ့ါလန်းသို့ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရသည်။ ခရီးသည် ၁၇၁ ဦးနှင့် လေယာဉ်အမှုထမ်း ခြောက်ဦးစလုံး ဘေးကင်းခဲ့သည်။

လုံခြုံစိတ်ချရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် အဆိုပါ ဘိုးအင်းလေယာဉ် ၆၅ စင်းစလုံးကို ပြေးဆွဲမှုရပ်နားထားမည်ဟု အလက်စက လေကြောင်းလိုင်း စီအီးအို ဘန်မီနီကူချီက ပြောသည်။

လာမည့်ရက်အနည်းငယ်အတွင်းစုံစမ်းစစ်ဆေးမှုများ ပြီးဆုံးမည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ဆက်ပြောသည်။ ပျက်စီးနေသည့် လေယာဉ်ကို အမျိုးသားသယ်ယူပို့ဆောင်ရေးနှင့် လေကြောင်းလိုင်းစီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က စုံစမ်းမှုများ စတင်နေပြီဖြစ်သည်။

အချက်အလက်များပိုမိုစုဆောင်းရန် အတူတကွလုပ်ဆောင်နေပြီး စုံစမ်းစစ်ဆေးမှုတွင် အကူအညီပေးရန် နည်းပညာပိုင်းဆိုင်ရာ အကူအညီများလည်း အသင့်ဖြစ်နေပြီဟု ဘိုးအင်းကုမ္ပဏီက ကြေညာချက် ထုတ်ပြန်ခဲ့သည်။

**ဆင်ဟွာ**



လေယာဉ် ပြတင်းပေါက် ပျက်စီးနေမှုကို တွေ့ရစဉ်။

## ဇန်နဝါရီ ၆ ရက်တွင် ဟာနီဒါလေကြောင်းခရီးစဉ် ၂၀၀ ကျော် ဖျက်သိမ်း

**တိုကျို ဇန်နဝါရီ ၆**

အင်္ဂါနေ့က လေယာဉ် နှစ်စင်း တိုက်မှုအတွင်း လူသေဆုံးမှုများ ဖြစ်ပွားပြီးနောက် ဇန်နဝါရီ ၆ ရက်တွင် တိုကျိုဟာနီဒါလေဆိပ် ပြည်တွင်းလေကြောင်း အဝင်အထွက်ခရီးစဉ် ၂၀၀ ကျော်ကို ဖျက်သိမ်းလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဖျက်သိမ်းလိုက်သော လေကြောင်းခရီးစဉ် ၂၁၆ ခုအနက် ဂျပန်လေကြောင်းလိုင်းမှ ၁၀၀၊ အောနစ်ပွန်လေကြောင်းလိုင်းမှ ၉၆ ခု၊ စတားဖလိုင်ယာမှ ၁၄ ခုနှင့် ဆိုလာဆက်ဒ် လေကြောင်းလိုင်းမှ ခြောက်ခုပါဝင်ကြောင်း သိရသည်။ ထို့ကြောင့် ဂျပန်လေကြောင်းလိုင်းမှ ခရီးသည် ၁၄၃၀၀၊ အောနစ်ပွန်လေကြောင်းလိုင်းမှ ခရီးသည် ၁၈၀၀၀ အပါအဝင် ခရီးသည် ၃၂၃၀၀ ထက်မနည်း အခက်အခဲဖြစ်ပေါ်မှုရှိခဲ့မည်ဟု ခန့်မှန်းထားသည်။

ဇန်နဝါရီ ၇ ရက်တွင်လည်း ခရီးစဉ်ဖျက်သိမ်းမှုဆက်လက်ရှိနိုင်ကြောင်း၊ ဂျပန်လေကြောင်းလိုင်းမှ ၉၈ ခုနှင့် အောနစ်ပွန်လေကြောင်းလိုင်းမှ ၉၆ ခုမှာ ဖျက်သိမ်းထားပြီးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## အစ္စရေးနိုင်ငံ မြောက်ပိုင်း၌ ဒုံးကျည်များပစ်ခတ်ခံရမှုမှာ ဟစ်ဇ်ဘိုလာများ၏ လက်ချက်ဟုပြော

**ဂျေရုဆလင် ဇန်နဝါရီ ၆**

အစ္စရေးနိုင်ငံ မြောက်ပိုင်း မာရွန်တောင်သို့ပစ်မှတ်ထား၍ ဇန်နဝါရီ ၆ ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမှာ ဟစ်ဇ်ဘိုလာများ၏ လက်ချက်ဖြစ်သည်ဟု အဆိုပါအုပ်စုက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါနေရာတွင် အစ္စရေးတပ်ဖွဲ့သည် ဒုံးကျည် ၆၂ စင်း တပ်ဆင်ထားပြီး ယင်းနေရာကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဟားမားစ်ဒုတိယခေါင်းဆောင် ဆာလာအယ်အာရူရီကို အစ္စရေးတို့က သတ်ပစ်ခဲ့ခြင်းအတွက် ပြန်လည်တုံ့ပြန်ခြင်းလည်းဖြစ်သည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လက်ဘနွန်နိုင်ငံ အတွင်းမှနေ၍မာရွန်တောင်ရေယာတစ်ဝိုက်သို့ ဒုံးကျည်အစင်း၄၀ ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဒုံးကျည်ပစ်လွှတ်မှုတွင် ပါဝင်ခဲ့သည့် လက်ဘနွန်တပ်ဖွဲ့ တစ်ဖွဲ့ကိုလည်း အစ္စရေးတပ်ဖွဲ့က ပြန်လည်လက်တုံ့ပြန်ခဲ့သည်ဟု သိရသည်။ အစ္စရေးနိုင်ငံ မြောက်ပိုင်း လက်ဘနွန်နယ်စပ်အနီး အချက်ပေးသံများ မြည်လာပြီးနောက် မာရွန်တောင်အနီး တစ်ဝိုက်တွင် ပေါက်ကွဲသံများကြားရကြောင်း အစ္စရေးမီဒီယာများတွင် ဖော်ပြကြသည်။ ဒဏ်ရာရရှိသူဦးရေကိုမူ မသိရသေးချေ။

**ဆင်ဟွာ**

## ဗီယက်နမ်၌ ၂၀၂၃ ခုနှစ်တွင် ကော်ဖီတင်ပို့မှုမှ ကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံ ရှာဖွေနိုင်ခဲ့

**ဟနွိုင်း ဇန်နဝါရီ ၆**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း ကော်ဖီတန်ချိန် ၁ ဒသမ ၆၁ သန်း တင်ပို့နိုင်ခဲ့ပြီး စံချိန်တင် အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၈ ဘီလီယံအထိ ရှာဖွေနိုင်ခဲ့ကြောင်း နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံးကို ကိုးကား၍ အွန်လိုင်းသတင်းစာ ကွန်သောင်က ဇန်နဝါရီ ၆ ရက်တွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်အတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေသည် ၉ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းမှုရှိခဲ့သော်လည်း တန်ဖိုးအားဖြင့် တစ်နှစ်ထက် တစ်နှစ် ၃ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါအွန်လိုင်းသတင်းစာတွင် ဖော်ပြထားသည်။

၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်ကော်ဖီတင်ပို့မှု ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၆၀၄ ဒေါ်လာဖြစ်ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၄ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာသည်ဟု ဆိုသည်။

၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်ကော်ဖီတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် ရရှိနိုင်ကြောင်း ကျွမ်းကျင်သူများ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများတွင် ဖော်ပြထားသည်။ ဟက်တာ ၇၁၀၀၀၀ ကျော်ရှိသော ဗီယက်နမ်နိုင်ငံသည် ကော်ဖီစိုက်ပျိုးမှုကဏ္ဍတွင် ကမ္ဘာ့အဆင့် (၆) နေရာ၌ ရပ်တည်နေသည်။

**ဆင်ဟွာ**



## ကွန်ဂိုနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၃၀၀ ထက်မနည်း သေဆုံးမှုဖြစ်ပွား

**ကင်ဆာရှာ ဇန်နဝါရီ ၆**

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုမှဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုများအတွင်း လူပေါင်း ၃၀၀ ထက်မနည်း သေဆုံးမှုဖြစ်ပွားကြောင်း ဇန်နဝါရီ ၅ ရက်တွင် ဝန်ကြီးတစ်ဦးက ပြောသည်။

ရေလွှမ်းမိုးမှုနှင့်ပတ်သက်ပြီး ချင့်ချိန်သုံးသပ်သော အစည်းအဝေးအတွင်း လူမှုရေးရာ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး ဝန်ကြီး မူတွီရှာယီက အိုးအိမ် ၄၃၇၅၀ ပြိုကျခဲ့ကြောင်း ပြောသည်။



ရေဘေးသင့်သူများကို ကူညီထောက်ပံ့နိုင်ရန်အလို့ငှာ ရန်ပုံငွေများ အမြန်ထုတ်ပေးရေးနှင့်ပတ်သက်ပြီး ကွန်ဂိုအာဏာပိုင်များထံ ဝန်ကြီး မူတွီရှာယီက တောင်းဆိုထားသည်။ ကွန်ဂိုနိုင်ငံ၌ ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုများမှာ စက်တင်ဘာလမှ မေလအထိ ကြာမြင့်သောမိုးရာသီအတွင်း ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာနိုင်ငံ၌ ဝက်သက်ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံ

**ကိုလံဘို ဇန်နဝါရီ ၆**

သီရိလင်္ကာနိုင်ငံ၌ ဇန်နဝါရီ ၆ ရက်က ဝက်သက်ရောဂါကာကွယ်ဆေး ထပ်မံထိုးနှံခြင်းလှုပ်ရှားမှုကို ပြုလုပ်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

တိုင်းပြည်အတွင်း ခရိုင် ကိုးခုတွင် စင်တာပေါင်း ၁၆၀၀ ပြုလုပ်၍ ကာကွယ်ဆေးထိုးနှံပေးမှုများ ပြုလုပ်ခဲ့သည်။ အသက် ခြောက်လမှ ကိုးလကြားကလေးများကို ဝက်သက်ကာကွယ်ဆေး ထပ်မံထိုးနှံပေးသွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန် ပါလီသာမဟီပါလက ပြောသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ဝက်သက်ရောဂါကင်းစင်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာပေးခဲ့ကြောင်း၊ သို့သော်လည်း ၂၀၂၃ ခုနှစ် မေလမှစတင်ကာ ဝက်သက်ရောဂါဖြစ်ပွားသူ ၇၄၀ တွေ့ရှိခဲ့ပြီးနောက် ဖြည့်စွက်ကာကွယ်ဆေးထိုးမှုများ ပြုလုပ်ပေးခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ ဆေးရုံ၊ ဆေးခန်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၆**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်းမိမိတို့၏ မြို့၊ ရွာများရှိ ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ပွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၊ ကနီမြို့နယ်နှင့် ကန့်ဘလူမြို့နယ်တို့၌လည်းကောင်း ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံ၊ ဆေးခန်းများရှိ ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ဆေးရုံဝင်းအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။



ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံ၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၆**

(၆၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော် စက်ပစ်ကွင်း၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်ခိုင်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။



ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုသေနတ်ပစ် အသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ (၆၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၂၈ သင်းဖြင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျော်ဖုံးမှ*

နယူးကာဆယ်အသင်းကသာ ပွဲချိန်တစ်လျှောက် တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။ ဆန်းဒါးလန်းအသင်းက နယူးကာဆယ်အသင်း၏ ထိန်းချုပ်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ရံဖန်ရံခါမှသာ ထိုးဖောက်တိုက်စစ်ဆင်မှု ပြုလုပ်နိုင်ခဲ့သည်။ ပွဲချိန် ၃၅ မိနစ်တွင် ဆန်းဒါးလန်းအသင်းမှ ဒန်နီရယ်ဘယ်လာ့ဒ် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ နယူးကာဆယ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

**လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရ**

ရှုံးပွဲဆက်နေမှုကို ရပ်တန့်ရန် အကောင်းဆုံးပြင်ဆင်လာသည့် နယူးကာဆယ်အသင်းသည် သွင်းဂိုးထပ်မံရရှိရေးကြိုးစားလာခဲ့ရာ ပွဲချိန် ၄၆ မိနစ်တွင် ရရှိခဲ့ပြီး အီဆတ်က သွင်းယူပေးခဲ့သည်။

**သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့**

ပွဲချိန် ပြည့်ခါနီးတွင် နယူးကာဆယ်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ ပြီး အီဆတ်က အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် သုံးဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် လာမည့်ပွဲစဉ်များတွင် မန်စီးတီး၊ အက်စ်တွန်ဗီလာ စသည့်အသင်းများကို ဆက်တိုက်ရင်ဆိုင်သွားရမည်ဖြစ်သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် အစ်ဆွစ်က ဝင်ဘယ်ဒန်ကို သုံးဂိုး - တစ်ဂိုး၊ လက်စတာက မီဝေါလ်ကို သုံးဂိုး - နှစ်ဂိုး၊ ကိုဗင်ထရီက အောက်စဖို့ဒ်ကို ခြောက်ဂိုး - နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး စတုတ်အိမ်ကွင်း၌ ဘရိုက်တန်က လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**အောင်ဇော်**

## မောက်မယ်မြို့နယ်၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**မောက်မယ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု တင်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယမန်နေ့ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွယ်က ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ကာယ၊ ဉာဏထူးချွန်ဆုရရှိကြသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူလေးများက တေးသရုပ်ဖော် တိုင်းရင်းသားရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ (၇၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲနှင့် မီးရှူးမီးပန်းလွှတ်တင်ခြင်းများကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားများ၊ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကို မြန်မာနိုင်ငံအနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ထိုနည်းတူ ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ရွှေတိဂုံစေတီတော်သို့ လာရောက်ဖူးမြော်ပြီး ပြည်သူ့ရင်ပြင်အတွင်း အပန်းဖြေသူများ၊ ရောင်စုံမီးအလှများနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများ၊ စတုဒိသာအလှူအားဝိုင်းဖွဲ့စားသောက်နေကြသူများ၊ နိုင်ငံကျော် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ ပျော်ရွှင်စွာဖြင့် သီဆိုကခုန်နေကြသူများ စည်ကားခဲ့သည်။

ထို့အတူ ည ၉ နာရီခန့်တွင် မီးရှူးမီးပန်းများ ပစ်ဖောက်ရာ ပြည်သူများက ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး တေးဂီတအဖွဲ့က မြန်မာနိုင်ငံတော်သီချင်းသံစဉ်ကို တီးခတ်စဉ် ရင်ပြင်အတွင်းရှိ ပြည်သူများက လိုက်ပါသီဆိုကြရာပြည်သူ့ရင်ပြင်ဥယျာဉ်အတွင်း ဖုံးလွှမ်းခဲ့သည်။ ပြည်သူ့ရင်ပြင်ဥယျာဉ်အတွင်း လာရောက်ကြသည့် ပြည်သူများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်အချို့က ထောပတ်ကြက်သားဟင်းနှင့် ကြက်ဆီထမင်းတို့ကို မပြတ်ကျွေးမွေးခဲ့ကြောင်းနှင့်ပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက လှည့်လည်ကြည့်ရှုပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ဆန်းကျော်ဦး

(ပြန်/ဆက်)





(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ရပ်ကွက်ကျေးရွာပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပပြီး ဆုရသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က ဆုများချီးမြှင့်စဉ်။ သန်လျင်သား

# ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန(Community Centre)၌ စာရေးသားခြင်းအတတ်ပညာ အလုပ်ရုံသင်တန်း(၁/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre )၌ စာရေးသားခြင်း အတတ်ပညာ အလုပ်ရုံသင်တန်း(၁/၂၀၂၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နေပြည်တော်ရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က စာရေးသားခြင်းအတတ်ပညာအလုပ်ရုံသင်တန်း(၁/၂၀၂၄)ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ အမျိုးသားစာပေဆုရှင် စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)က သင်ကြားပို့ချပေးသွားမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စာရေးနည်း၊ စာတမ်းရေးနည်းအခြေခံ၊ ဆောင်းပါးရှင်ဖြစ်လိုသူသို့၊ စာရေးတော့မည်လား၊ စာရေးမည်ဆိုလျှင်၊ စာရေးသားနည်း၊ စာရေးတတ်အောင်ဘာလုပ်မလဲ၊ စာရေးချင်သူများသို့၊ စကားပြေ၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်၊ စကားပြေရေးဟန်၊ အရေးအသားစနစ်၊ စာရေးသားနည်းအတတ်ပညာနှင့်ဆိုင်သောပုံစံများ၊ ဆောင်းပါးရေးသားနည်း၊ မြန်မာစာအက္ခရာနှင့် သတ်ပုံအသုံးအနှုန်းစသည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

သင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ အရာထမ်း၊ အမှုထမ်းများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဦးစီးအရာရှိများ၊ ဌာနဆိုင်ရာ အသီးသီးမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများနှင့် စာပေဝါသနာရှင်များစုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ကြပြီး စာရေးသားခြင်း အတတ်ပညာအလုပ်ရုံသင်တန်း (၁/၂၀၂၄)ကို ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အပတ်စဉ် စနေနေ့တိုင်း စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

# EPS - TOPIK နှင့် Special EPS-TOPIK နှစ်ကြိမ် အောင်မြင်ခဲ့သူများသည် အလုပ်လျှောက်လွှာကို တစ်ကြိမ်သာ တင်သွင်းခွင့်ရရှိမည်

**ရန်ကုန် ဇန်နဝါရီ ၆**

EPS–TOPIK နှင့် Special EPS–TOPIK နှစ်ကြိမ် အောင်မြင်ခဲ့သူများသည် အလုပ်လျှောက်လွှာကို တစ်ကြိမ်သာ တင်သွင်းခွင့်ရရှိမည်ဖြစ်ကြောင်း အစိုးရပြည်ပ အလုပ်အကိုင်အေဂျင်စီ( POEA)မှ သိရသည်။

တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ဖူးသည့် လုပ်သားအချို့မှာ ထပ်မံသွားရောက်အလုပ်လုပ်ကိုင်ရန် ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း (EPS–TOPIK)စာမေးပွဲဖြေဆိုအောင်မြင်၍ အလုပ်လျှောက်လွှာတင်သွင်းခဲ့ပြီးနောက် ကိုရီးယားဘာသာအရည်အချင်းစစ်အထူး သီးသန့်စာမေးပွဲ (Special EPS–TOPIK) ထပ်မံဖြေဆိုအောင်မြင်မှုများရှိနေကြောင်း သိရသည်။

ယင်းကဲ့သို့ မိမိဆန္ဒအလျောက် EPS–TOPIK နှင့် Special EPS–TOPIK နှစ်ကြိမ် ဖြေဆိုအောင်မြင်ခဲ့သူများသည် အလုပ်လျှောက်လွှာကို တစ်ကြိမ်သာ တင်သွင်းခွင့်ရရှိမည်ဖြစ်၍ EPS–TOPIK(Regular) နှင့် Special EPS–TOPIK မှ တစ်မျိုးကိုသာ ရွေးချယ်ပေးရန်လည်း ဆိုထားသည်။

ကိုရီးယားသမ္မတနိုင်ငံ၌ သုံးနှစ်အထက် တရားဝင်အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သော လုပ်သားများအတွက် CBTစာမေးပွဲ(ကိုရီးယားဘာသာအရည်ချင်းစစ် အထူးသီးသန့်စာမေးပွဲ Special EPS– TOPIK)ကို ၂၀၂၃ ခုနှစ်အတွင်းက ကျင်းပပေးခဲ့ကြောင်း သိရသည်။

Special EPS – TOPIK စာမေးပွဲ ဝင်ရောက်ဖြေဆိုမည့်သူများ အနေဖြင့်အသက် ၁၈ နှစ်မှ ၃၉ နှစ်အတွင်း ရှိရမည်ဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံတွင် E–9၊ E–10 ဗီဇာနှင့် ၅ နှစ်အထက် နေထိုင်ဖူးသူများ၊ ထောင်ဒဏ်ကျခံဖူးခြင်းရှိသူ၊ မြန်မာနိုင်ငံမှ ပြည်ပထွက်ခွာခွင့်တားမြစ်ခံရသူ၊ တစ်ဖက်နိုင်ငံမှ နှင်ထုတ်ခြင်း၊ ပြန်ပို့ခံရသူများအနေဖြင့် ဖြေဆိုခွင့် မရရှိကြောင်းလည်း သိရသည်။

**MT**

# ညောင်တုန်းမြို့ ၁၄/၁၆ လမ်း မြစ်ကမ်းပါး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများပြီးစီး

**ညောင်တုန်း ဇန်နဝါရီ ၆**

ဧရာဝတီမြစ်ရေ၊ ရေကြောင်းတိုးလာခြင်း၊ ပန်းလှိုင်မြစ်ရေ တိုက်စားခြင်းများကြောင့် ညောင်တုန်းမြစ်ကမ်းပါး ရေကာတာများ၊ မြစ်ကမ်းပါးကွဲအက်နိမ့်ကျမှုများ၊ ရေဘေးအန္တရာယ်များ နှစ်စဉ်ဖြစ်ပေါ်နေမှုများကြောင့် မြို့နေပြည်သူလူထု အသက်အိုးအိမ်များ မပျောက်ပျက်နိုင်ရေး၊ မြို့မပျက်စီးနိုင်ရေး၊ မြစ်ကမ်းဘေးတာတမံအနီးတွင် နေထိုင်သောအများပြည်သူများ မိုးရာသီတွင် ရေဘေးအန္တရာယ် စိုးရိမ်ခြင်း ကင်းဝေးပြီး နေထိုင်နိုင်ရေးအတွက် မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုးမကျမီကာလအတွင်း အချိန်မီ ပြီးစီးတည်ဆောက်နိုင်ရေးအတွက် စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ပြုလုပ်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။**(အောက်ပုံ)**

အဓိက ရေဘေးအန္တရာယ်အရေးကြီးသော၊ အထူးစိုးရိမ်ရသော ၁၄/၁၆ လမ်းကမ်းနားတာအနီးတွင် သံကူကွန်ကရစ်ဘိုးပိုင်များတည်ဆောက်ခြင်း၊ ပေ ၈၀၀ အရှည် ကျောက်စီမြေထိန်းနံရံများ တည်ဆောက်ခြင်း၊ မြစ်ကမ်းတစ်လျှောက်တွင် လည်း သံကူကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီ မြေထိန်းနံရံနှင့် ကျောက်ပြားကပ်တမံများ တည်ဆောက်ခြင်း၊ ကျောက်စီမြေထိန်းနံရံ လုပ်ငန်းများအား ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

မြေသားထိန်းနံရံများ တည်ဆောက်ခြင်း၊ ၁၂ လမ်းကမ်းနားတာနှင့် ၂၁/၂၃ လမ်းကမ်းနားတာအနီးတွင် ကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများ တည်ဆောက်ခြင်း၊ ကွန်ကရစ်နံရံများ တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြစ်ကမ်းပါးထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အကြီးစားဆောင်ရွက်ခဲ့ခြင်းများကြောင့် ယခင်နှစ်မိုးတွင်းအခါက မြို့နေပြည်သူများ ရေဘေးစိုးရိမ်ခြင်း ကင်းဝေးခဲ့ရပြီး ရေဘေးအန္တရာယ်မှကင်းဝေးခဲ့ရသည်။ မိုးမကျမီ ဧရာဝတီမြစ်ရေ မတက်မီ အမြန်ဆုံး မြစ်ကမ်းပါးထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦး၏ ပြောပြချက်အရ သိရသည်။



မြို့ပတ်တာ ပြုပြင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မြေသားထိန်းနံရံများ တည်ဆောက်ခြင်း၊ ကွန်ကရစ်ဘိုးပိုင်များ တည်ဆောက်ခြင်း၊ ကျောက်စီနံရံများ တည်ဆောက်ခြင်း၊ ကွန်ကရစ်နံရံများ တည်ဆောက်ခြင်း၊ မြစ်ကမ်းပါး ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို အကြီးစား ဆောင်ရွက်ခဲ့ခြင်းများကြောင့် ယခင်နှစ် မိုးတွင်းအခါက မြို့နေပြည်သူများ ရေဘေးစိုးရိမ်ခြင်း ကင်းဝေးခဲ့ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

# ဘင်္ဂလားပင်လယ်အော်ဒေသ၏ ကမ်းခြေစောင့် အစိမ်းရောင်တံတိုင်းများ

❍ သီဟစည်သူ


ရွှေသောင်ယံမြို့နယ်အတွင်းရှိ ပြန်လည်ထိန်းသိမ်းထားသည့် ကမ်းရိုးတန်း ဒီရေတောများ။ ဓာတ်ပုံ – Worldview Myanmar

ဘင်္ဂလားပင်လယ်အော်ဒေသ၏ အစိမ်းရောင်တံတိုင်းများဟု တင်စားခေါ်ဝေါ်လောက်သည့် ဒီရေတောများသည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့ရှိ မြစ်ဝကျွန်းပေါ်ဒေသများ၏ ကျယ်ပြောလှသော ကမ်းရိုးတန်း ရေလမ်းတစ်လျှောက်တွင် ပေါက်ရောက်လျက်ရှိသည်။ အဆိုပါ ဒီရေတောများသည် အိန္ဒိယနိုင်ငံအရှေ့ဘက်ကမ်းရိုးတန်း(တမီလ်နာဒူးမှ အနောက်ဘင်္ဂလားအထိ)၊ ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းတစ်ခုလုံးနှင့် မြန်မာနိုင်ငံ၏ ကမ်းရိုးတန်းဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် မုတ္တမပင်လယ်ကွေ့ဒေသများအထိ ပါဝင်သည်။

မြန်မာနိုင်ငံတွင် အဓိကအားဖြင့် ဒီရေတောနှစ်မျိုးတွေ့ရပြီး မြစ်ဝကျွန်းပေါ်ဒီရေတောနှင့် ပင်လယ်ကမ်းခြေဒီရေတောတို့ဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒီရေတောများတွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဖျာပုံ၊ ဒေးဒရဲ၊ မုတ္တမပင်လယ်ကွေ့ဒေသများဖြစ်သည့် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် တွေ့ရသည်။ ပင်လယ်ကမ်းခြေ ဒီရေတောများကိုမူ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် အနောက်ဘက် ကမ်းရိုးတန်းများနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တွေ့ရသည်။

ဒီရေတောများသည် ရေငန်စပ်သော ကမ်းရိုးတန်းနုန်းမြေများတွင် အဓိကအားဖြင့် ဖြစ်ထွန်းလေ့ရှိပြီး အဏ္ဏဝါအနည်အနှစ်များပို့ချသည့် ကမ်းခြေများတွင်လည်း ပေါက်ရောက်လေ့ရှိသည်။ ဘင်္ဂလားပင်လယ်အော်ဒေသရှိ အဓိက ကမ်းရိုးတန်းဒီရေတော ဂေဟစနစ်သည် ကမ္ဘာ့ဒီရေတောဧရိယာ၏ ခုနစ်ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ခန့်မှန်းခြေ ၁၀၂၅၀ စတုရန်းကီလိုမီတာရှိကြောင်း လေ့လာမှုစစ်တမ်းများအရ သိရသည်။

ဘင်္ဂလားပင်လယ်အော် ဒေသ၏ ဒီရေတောများတွင် ဒီရေတောမျိုးစိတ် ၄၁ မျိုးရှိကြောင်း မှတ်တမ်းတင်ထားပြီး အဆိုပါ ဒီရေတောဂေဟစနစ်များအတွင်း မျိုးသုဉ်းအန္တရာယ် ခြိမ်းခြောက်ခံရသော ကုန်နေ၊ ရေနေ၊ တွားသွားနှင့် နို့တိုက် သတ္တဝါမျိုးစိတ် အနည်းဆုံး ၅၃ မျိုးနှင့် မှီတင်းနေထိုင်လျက်ရှိသည်။ ယင်းတို့အနက် တော်ဝင်ဘင်္ဂလားကျားသည် ဘင်္ဂလားပင်လယ်အော် ဒီရေတော ဂေဟစနစ်၏ အဓိကကျသော တောရိုင်းတိရစ္ဆာန်မျိုးစိတ်တစ်ခုဖြစ်ပြီး IUCN ကလည်း မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် မျိုးစိတ်အဖြစ် သတ်မှတ်ထားသည်။ ထို့ပြင် ဒီရေတော သစ်ပင်ပန်းမန်များအနက် အရေးပါသော သစ်ပင်မျိုးစိတ်လေးမျိုး ရှင်သန်ပေါက်ရောက်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)က ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းအန္တရာယ် အနီရောင်အဆင့်ကျရောက်နေသည့် လမုတောမျိုးစိတ်များဖြစ်သည့် လဘပင် (Sonneratia griffithii)၊ မြိုင်ကြီးပင်(Bruguiera hainesii)နှင့် ကနစိုပင်(Heritiera fomes)တို့သည် ဘင်္ဂလားပင်လယ်အော်ဒေသတွင် ပါဝင်နေသည့် မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်အလယ်ပိုင်း ကမ်းရိုးတန်းများတွင် ရှင်သန်ပေါက်ရောက်မှုအများဆုံးအဖြစ်လေ့လာတွေ့ရှိရကြောင်း ၂၀၂၃ ခုနှစ်အတွက် အနီရောင်အဆင့် ဂေဟစနစ်ဆန်းစစ်ချက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဂင်္ဂါ–ဗြဟ္မပုတ္တရနှင့် ဧရာဝတီမြစ်၏ ကမ်းရိုးတန်းဒေသများသည် ဒီရေတောများအတွက် အလွန်ကောင်းမွန်သော ဆားငန်ဓာတ်နှင့် အနည်အနှစ်များကို ပေးစွမ်းနိုင်သောကြောင့် ယင်းမြစ်ဝကျွန်းပေါ်ဒေသများသည် ကမ္ဘာပေါ်ရှိ အကောင်းမွန်ဆုံးသော ဒီရေတောများ ဖြစ်ပေါ်လာစေရေး အထောက်အပံ့ပေးလျက်ရှိသော်လည်း အဆိုပါဒီရေတောများအတွင်း၌ တရားမဝင် ထင်း/မီးသွေးထုတ်ယူမှု၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်းနှင့် ရေနေသတ္တဝါ မွေးမြူရေးအတွက် ငါး၊ ပုစွန်ကန်များအဖြစ် မြေနေရာအသုံးပြုရန် ခုတ်ထွင်ရှင်းလင်းခံရခြင်းတို့ကြောင့် ဒီရေတောပြုန်းတီးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် မိမိတို့မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် မျိုးဆက်ပျက်သုဉ်းမှုအန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ အပင်မျိုးစိတ်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟစနစ်ပိုမိုကောင်းမွန်စေပြီး ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ တိုးပွားလာစေရေးအတွက် ဒီရေတောများအပါအဝင် ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများကို တိုးချဲ့သတ်မှတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမျိုးသား သစ်တောကဏ္ဍနှစ် ၃၀ ပင်မစီမံကိန်းနှင့် ဒီရေတောများကို ပြန်လည်ထူထောင်သည့် အနေဖြင့် ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများ ထိန်းသိမ်းစိုက်ပျိုးခြင်း စီမံကိန်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အကောင်အထည်ဖော်လျက်ရှိရာ မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသများရှိ ဒီရေတောများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း ၁၄၂၄ ဧကရှိ "ပြင်ဘုကြီး(၂)ဒီရေတော ကြိုးပြင်ကာကွယ်တော"ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်က လည်းကောင်း၊ ကျွန်းစုမြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း ၁၉၆၂ ဧကရှိ "မစနီးပါး (၂) ဒီရေတော ကြိုးပြင်ကာကွယ်တော"ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၃၀ ရက်က လည်းကောင်း၊ ပုလောမြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း ၇၁၇ ဧကကို "ကျောက်ကွာအနောက်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော" အဖြစ် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က လည်းကောင်း၊ ကျွန်းစုမြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း ဧက ၃၃၄၀ ကို "မအိုင်ကျွန်း ဒီရေတောကြိုးပြင်ကာကွယ်တော"အဖြစ် ၂၀၂၂ ခုနှစ် ဩဂုတ်၂၆ ရက်က လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်အတွင်းရှိ ဧရိယာအကျယ်အဝန်း ၈၄၉၂ ဧကကို "ဘိတ်သိတ်–မဟာ–သာသာ ဒီရေတောကြိုးပြင်ကာကွယ်တော" အဖြစ် ၂၀၂၂ ခုနှစ် ဖေ ၁ ရက်က လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ဧရိယာအကျယ်အဝန်း ၉၂၇၄ ဒသမ ၃၈ ဧကကို "အစိမ်းရောင်တံတိုင်း ဒီရေတောကြိုးပြင်ကာကွယ်တော" အဖြစ် ၂၀၂၂ ခုနှစ် ဖေ ၁ ရက်က လည်းကောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာများ ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်သည်။

> "ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းအန္တရာယ် အနီရောင်အဆင့်ကျရောက်နေသည့် လမုတောမျိုးစိတ်များဖြစ်သည့် လဘပင် (Sonneratia griffithii)၊ မြိုင်ကြီးပင် (Bruguiera hainesii)နှင့် ကနစိုပင်(Heritiera fomes)တို့သည် ဘင်္ဂလားပင်လယ်အော်ဒေသတွင် ပါဝင်နေသည့် မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်အလယ်ပိုင်း ကမ်းရိုးတန်းများတွင် ရှင်သန်ပေါက်ရောက်မှု အများဆုံးအဖြစ် လေ့လာတွေ့ရှိရ"

ထိုသို့ ဒီရေတော ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကာကွယ်ထိန်းသိမ်းလိုက်ခြင်းအားဖြင့် ဒီရေတောများအား စနစ်တကျ စီမံအုပ်ချုပ်နိုင်ခြင်းနှင့် အစိမ်းရောင် သဘာဝတံတိုင်းသဖွယ်ဖြစ်သည့် ဒီရေတောများဖွံ့ဖြိုးလာခြင်းနှင့်အတူ ဒီရေတောဂေဟစနစ်များမှ ပေးဆောင်လျက်ရှိသည့် အစိမ်းရောင် ဝန်ဆောင်မှုများကို ရရှိခြင်းအားဖြင့် စားရေရိက္ခာဖူလုံမှုနှင့် ကမ်းရိုးတန်း သယံဇာတများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အပံ့ကောင်းများ ရရှိလာစေနိုင်မည် ဖြစ်သည့်အတွက် တိုးချဲ့စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။ ။

ကိုးကား–
(၁) https://assessments.iucnrle.org/assessments/572
(၂) Worldview Myanmar–WIF


ဒီရေတောများမှ ခုတ်ယူထားသည့် ထင်းများ။


ဒီရေတောဝတ်ရည်စုပ်ငှက်။


ဒီရေတောများတွင် ကျက်စားသည့် ပိန်ညှင်းညို။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေး



**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ၊ စားသုံးဆီ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးကို ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မြေပဲ ၈၇၃၁၆၂ ဧက၊ နှမ်း ၁၀၈၂၄၀၇ ဧကနှင့် နေကြာ ၃၇၃၃၄၂ ဧက လျာထား စိုက်ပျိုး ဆောင်ရွက်မည်ဖြစ်၍ တာဝန်ရှိသူအားလုံး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် အခြားသီးနှံများ၏ ပန်းတိုင်ရည်မှန်းချက်ကို ပြည့်မီအောင် စိုက်ပျိုးနိုင်မည် ဆိုပါက တိုင်းဒေသကြီး၏ ဆန်၊ ဆီ၊ ပဲ ဖူလုံမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် လျာထားဧကများ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းပြောကြားသည်။(ယာပုံ)

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း စားသုံးဆီ ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာများ၊ အမှန်တကယ်လိုအပ်သော စားသုံးဆီများနှင့် ပြည်ပသို့ တင်ပို့သည့် ဆီထွက်သီးနှံများ၊ တိုင်းဒေသကြီး အတွင်း ဆီစက်များ တည်ဆောက်ထားရှိမှု အခြေအနေများ၊ ဆီထုတ်လုပ်မှုပမာဏ စားသုံးဆီ ကြိတ်ခွဲနိုင်ရေးနှင့် ထောက်ပံ့ပေးအပ်ရန် လိုအပ်မှုအခြေအနေများ၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုနှင့် သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စားသုံးဆီ ထုတ်လုပ်မှုတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များ ဖိတ်ခေါ်ခြင်း ဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဆီထွက်သီးနှံ ယခင်နှစ်စိုက်ပျိုး၊ ရိတ်သိမ်းမှုနှင့် ယခုနှစ်စိုက်ပျိုးရိတ်သိမ်းမှု အခြေအနေများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ရေအရင်းအမြစ်ဦးစီးဌာနတို့က ဆီထွက်သီးနှံများ စိုက်ပျိုးရေရရှိရေး၊ စက်မှုလယ်ယာဦးစီးဌာနက ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးတွင် စက်ကိရိယာသုံးစွဲမှု အခြေအနေများ၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရန်ပုံငွေ လျာထားချက်များ စသည်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မုံရွာကုန်စည်ဒိုင် ဥက္ကဋ္ဌနှင့် ဆီစက်ပိုင်ရှင်ကြီးများ အသင်းမှ တာဝန်ရှိသူများက မိမိတို့လုပ်ကိုင် ဆောင်ရွက်နေသည့် လုပ်ငန်း အခြေအနေများနှင့် ဆီထွက်သီးနှံ တိုးမြှင့်စိုက်ပျိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကာလိမြို့၌ နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းခြင်း လုပ်ငန်းဆောင်ရွက်

**ကာလိ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ပြင်ပဗဟုသုတများရရှိစေရန်နှင့် စာပေဖတ်ရှုလေ့လာတတ်စေရန် ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ဇန်နဝါရီ ၅ ရက်က အခြေခံပညာမူလတန်း မိုင်းယိုင်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ရာတွင် ကာလိမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ ဗဟုသုတရရှိစေမည့် စာရေးဆရာဝင်းဖေ(အဖျောက်)၏ ဖွဲ့မလျှော့စတမ်း ပုံပြင်ဖတ်ပြခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကို သုတ၊ ရသ စာအုပ်စာစောင်များဖတ်ရှုစေပြီး မိမိတို့ကြိုက်နှစ်သက်သည့် စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့သည်။

**ထင်ထင်(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်တွင် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရေး ကြည့်ရှုစစ်ဆေး

**အုတ်တွင်း ဇန်နဝါရီ ၆**

အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု ကွမ်းသီးခြံကျေးရွာ ကွင်းအမှတ်(၃၃၅)အတွင်းရှိ စနစ်ကျလယ်ယာမြေများတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနိုင်ရေး ပျိုးထောင်နေမှုအခြေအနေကို ယနေ့နံနက်ပိုင်းက ခရိုင်စိုက်ပျိုးညှိနှိုင်းရေးကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူးမြင့်ဇော်နှင့် မြို့နယ်စိုက်ပျိုးညှိနှိုင်းရေးကြီးကြပ်မှုအဖွဲ့တို့ သွားရောက်ခဲ့ပြီး စပါးကိုဆားရည်စိမ်၍ စိုက်ပျိုးခြင်းနည်းပညာနှင့် လက်ဆွဲကောက်စိုက်စက် အသုံးပြုခြင်းများကို ဒေသခံတောင်သူများအား သရုပ်ပြခြင်းများဆောင်ရွက်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**

## စစ်တွေမြို့ အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် စစ်တွေမြို့ကို အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၅ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စစ်တွေမြို့တော် အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်သော ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် စစ်တွေမြို့တော် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက စစ်တွေမြို့သည် မိုခါဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ကဏ္ဍပေါင်းစုံ၌ ပျက်စီးမှုများပြားခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ရကြောင်း၊ မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်မှာပင် နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်ရောက်ရှိခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် သာလွန်ကောင်းမွန်စေရေး ဦးတည်ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးငါးဦးကိုဖိတ်ခေါ်၍ စစ်တွေမြို့ပေါ်၌ ကွင်းဆင်းလေ့လာစေပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အကြံဉာဏ်များရယူဆောင်ရွက်ခဲ့ကြောင်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း စစ်တွေမြို့ စည်ပင်သာယာရေးလုပ်ငန်းများနှင့် မြို့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် သုံးစွဲနိုင်မည့် ရန်ပုံငွေအပေါ်မူတည်၍ ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်း လျာထားဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကာ ခွင့်ပြုရန်ပုံငွေများကိုလည်း လျာထားသတ်မှတ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် လက်ရှိဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအခြေအနေများ၊ လုပ်ငန်းလုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို တင်ပြကြစေလိုကြောင်း ပြောကြားသည်။(အပေါ်ပုံ)

ထို့နောက် စစ်တွေမြို့တော် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် မြေယာရှင်းများ ပြုပြင်ရေးလုပ်ငန်းကော်မတီ၊ မြို့တွင်းလမ်း၊ တံတားနှင့်ရေမြောင်းများ လုပ်ငန်းကော်မတီ၊ ယာဉ်ယန္တရားနှင့် လုပ်အားရရှိရေး လုပ်ငန်းကော်မတီ၊ ပန်းခြံနှင့် အားကစားကွင်းများ ပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ မြို့တော်သန့်ရှင်းသာယာရေး၊ အမှိုက်စွန့်ပစ်စနစ်များ စနစ်တကျရှိစေရေးလုပ်ငန်းကော်မတီ၊ အများပြည်သူသုံးလေဆိပ်၊ သင်္ဘောဆိပ်၊ ကားဂိတ်များ စနစ်တကျရှိစေရေး လုပ်ငန်းကော်မတီ၊ ရေကောင်း ရေသန့်ရရှိရေးနှင့် ရေပေးဝေရေး စနစ်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့မှ ကော်မတီဥက္ကဋ္ဌများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပြန်လည်ဆွေးနွေးသည်။

**တင်ထွန်း(ပြန်/ဆက်)**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချီ

**နေပြည်တော် ဇန်နဝါရီ ၆**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု စာပဒေသာ ပထမဆုရ **“မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်)”** ရေးသားသည့် **“ရှေးမြို့ဟောင်းများသမိုင်း ခြေရာခံခရီးသွားလေ့လာရေး ဆောင်းပါးများ”** စာအုပ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း၊ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယအင်းလေးဟုခေါ်ကြသည့် ပုန်းအင်းဒေသထဲမှ ပင်လွန်ရွာ

ယဉ်လာဒ်

အင်းလေးဆိုရင် မြန်မာနိုင်ငံမှာ အားလုံးသိပြီးသား ဖြစ်ပေမယ့် အင်းလေးလိုပဲ လှပတဲ့ ပုန်းအင်းဒေသ အကြောင်းကိုတော့ သိသူနည်းပါးကြမယ် ထင်ပါတယ်။ ဘုရားလည်းဖူးရင်း ရိုးရာမုန့်လုပ်ငန်းတွေကို အစဉ်အဆက်လုပ်ကိုင်ကြတဲ့ သမိုင်းကြောင်းတွေ ရှိတဲ့ ရွာလေးဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။

ရှမ်းပြည်နယ် တောင်ကြီးမြို့အနီး ကျောက်တစ်လုံးဒေသမှာတည်ရှိပြီး ရှေးဟောင်းစေတီပေါင်း ၂၅၀၀ ကျော် တစုတဝေးတည်းရှိနေတဲ့ မွေတော်ကက္ကူစေတီကို သွားရောက်ဖူးမြော်ပြီးရင် ဘုရားအနောက်ဘက်က တစ်နှစ်မှာ ရေခြောက်လကုန်းခြောက်လနေရတဲ့ ပုန်းအင်းဒေသထဲက ပင်လွန်ရွာလေးဆီကို သွားရောက်လည်ပတ်နိုင်ပါတယ်။



တောင်ကြီးမြို့နယ်အတွင်းမှ မွေတော်ကက္ကူစေတီတော်။

**ပုန်းအင်းဒေသဟာ ဒုတိယအင်းလေးလို့ အမည်ခေါ်ဝေါ်ခံထားရပြီး သဘာဝအလှတရားများနဲ့ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ဒေသလေး ဖြစ်ပါတယ်။ ပုန်းအင်းဒေသမှာ ရွာပေါင်း ၃၀ ကျော်ရှိပြီး ရိုးရာမုန့်လုပ်ငန်းတွေကို ပင်လွန်ရွာလေးမှာ လုပ်ကိုင်ကြပါတယ်။ ပုန်းအင်းဒေသရဲ့ ရွာလေးတွေဆီကို မွေတော်ကက္ကူဘုရား အရှေ့ဘက်စောင်းတန်း ရေဆိပ်ကနေ စက်လှေနဲ့ သွားလို့ရပါတယ်**

ပုန်းအင်းဒေသဟာ ဒုတိယအင်းလေးလို့ အမည်ခေါ်ဝေါ်ခံထားရပြီး သဘာဝအလှတရားများနဲ့ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ဒေသလေး ဖြစ်ပါတယ်။ ပုန်းအင်းဒေသမှာ ရွာပေါင်း ၃၀ ကျော်ရှိပြီး ရိုးရာမုန့်လုပ်ငန်းတွေကို ပင်လွန်ရွာလေးမှာ လုပ်ကိုင်ကြပါတယ်။ ပုန်းအင်းဒေသရဲ့ ရွာလေးတွေဆီကို မွေတော်ကက္ကူဘုရား အရှေ့ဘက်စောင်းတန်း ရေဆိပ်ကနေ စက်လှေနဲ့ သွားလို့ရပါတယ်။

မွေတော်ကက္ကူဘုရားရဲ့အရှေ့ဘက် စောင်းတန်းကနေ ကြည့်လိုက်ရင် လွင်ပြင်ကြီးတစ်ခုကို တွေ့မြင်ရမှာဖြစ်ပြီး အဲဒီလွင်ပြင်ကို အလယ်ပိုင်း ပုန်းအင်းဒေသလို့ ခေါ်ဆိုတယ်လို့ လိုက်ပို့ပေးတဲ့ ဒေသခံက စာရေးသူကို ပြောပြပါတယ်။ အလယ်ပိုင်းလွင်ပြင်ကြီးတစ်ခုလုံးကိုခြုံပြီး ပုန်းအင်းဒေသလို့ ခေါ်ဆိုကြတာဖြစ်ပါတယ်။

နောင်မွန်မြို့ကနေလည်း စက်လှေစီးပြီး ပုန်းအင်းကို သွားရောက်လည်ပတ်လို့ ရနိုင်ပါတယ်။ ပုန်းအင်းဒေသဟာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ဟိုပုံးမြို့နဲ့ ဆီဆိုင်မြို့ အကြား ဆီဆိုင်မြို့နယ်ထဲမှာ တည်ရှိပြီး ကမ္ဘာကျော် အင်းလေးကန်နဲ့ဆိုရင် တောင်တစ်တောင်သာ ခြားထားပါတယ်။



ပုန်းအင်းဒေသကို ကောင်းကင်ဓာတ်ပုံမှ မြင်တွေ့ရသည့် ရှုခင်း။

စာရေးသူတို့သွားခဲ့တုန်းက နိုဝင်ဘာလမို့ ရေမရှိတာကြောင့် နန့်တံဘက်ချောင်းထဲကနေ ပင်လွန်ရွာဆီ သွားလည်ခဲ့ကြပါတယ်။ နန့်တံဘက်ချောင်းထဲကနေ မိနစ် ၂၀ ကျော်လောက်သာ စက်လှေစီးရပြီး ဘေးပတ်လည်မှာ တောင်တန်းတွေနဲ့ လှပတဲ့မြင်ကွင်းတွေကို တွေ့မြင်ရပါသေးတယ်။

စက်လှေစီးနေရင်း အရိုးပြိုင်းပြိုင်း တွေ့မြင်ရတဲ့ အပင်တွေကိုလည်း တခြားမှာ သိပ်မတွေ့ရတော့ စာရေးသူက စက်လှေသမားကို မေးကြည့်ခဲ့တဲ့အခါ ဒီအပင်တွေက ရှမ်းလို မိုက်ခိုက်ပင်လို့ ခေါ်ကြပြီး ထူးခြားတာက ဒီအပင်တွေကိုကြည့်ပြီး ရာသီဥတုကို တွက်ချက်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြတယ်လို့ ဆိုပါတယ်။ မိုက်ခိုက်အပင်မှာ အရွက်မရှိရင် မိုးကုန်ပြီလို့ သတ်မှတ်ကြတယ်လို့ စက်လှေသမားက ပြောပြပါတယ်။ မိုက်ခိုက်အပင်တိုင်းမှာ စာဘူးတောင်းအိမ်လေးတွေကို အစီအရီ တွေ့မြင်ရတာကလည်း တစ်မျိုးတစ်ဘာသာ လှပနေပါသေးတယ်။

ပင်လွန်ရွာဟာ ရှမ်းရွာလေးဖြစ်ပြီး သမိုင်းဝင်နေရာတစ်ခုလည်းရှိတဲ့ ရွာလေးဖြစ်ပါတယ်။ ချောင်းကို အလယ်ကထားပြီး ရွာကို ဟိုဘက်ခြမ်း ဒီဘက်ခြမ်း ခွဲခြားထားပါတယ်။ ချောင်းရဲ့ အရှေ့ဘက်ခြမ်းဟာ ဆီဆိုင်မြို့နယ်ထဲပါဝင်ပြီး ချောင်းအနောက်ဘက်ခြမ်းဟာ တောင်ကြီးမြို့နယ် နယ်နိမိတ်ထဲ ပါဝင်နေပါတယ်။ ရှမ်းတိုင်းရင်းသားတွေ အများဆုံး နေထိုင်ကြပါတယ်။

ပင်လွန်ရွာမှာ ရှေးအစဉ်အဆက်ကနေ ရိုးရာမုန့်တွေ လုပ်လာကြတာဖြစ်ပြီး အိမ်ခြေအားဖြင့် ၁၀၀ ကျော် ရှိပါတယ်။ မုန့်လုပ်တဲ့အိမ်ကတော့ အရင်က အိမ်ခြေ ၅၀ ကျော်လောက်ရှိပေမယ့် အခုဆိုရင် အိမ်ခြေ ၃၀ ကျော်လောက်သာ ကျန်ပါတော့တယ်။ ဘုရားပွဲတော်ကြီးတွေမှသာ ရိုးရာမုန့်တွေကို လုပ်ကိုင်ပြီး ရောင်းချလေ့ရှိပါတယ်။

ရိုးရာမုန့်တွေဖြစ်တဲ့ ဆန်လုံးစေး၊ မုန့်ခေါင်းအုံး၊ မုန့်ကွပ်၊ မုန့်ပြာလူး စတဲ့ မုန့်တွေကို လုပ်ကိုင်ကြပါတယ်။ ကောက်ညှင်းနဲ့ အဓိကလုပ်ကြတာမို့ ကောက်ညှင်းဆန် ဈေးကြီးရင်တော့ အများကြီး မလုပ်ကြဘဲ တစ်ပိုင်တစ်နိုင်သာ ပြုလုပ်ရောင်းချကြပါတယ်လို့ မုန့်လုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့ ဒေသခံတွေက စာရေးသူကို ပြောပြပါတယ်။

ပင်လွန်ရွာဟာ ပုဂံမင်းဆက်က နရပတိစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ်က ဘုရားတည်မယ့်နေရာကို ကျော်လွန်ခဲ့ပြီး ဖောင်တော်ဆိုက်ကပ်ခဲ့တဲ့နေရာဖြစ်ခဲ့တဲ့ ရွာကလေးလို့ သမိုင်းမှတ်တမ်းတွေအရ သိရပါတယ်။ မင်းကြီး ဖောင်တော်ပြန်လှည့်ကွေ့တဲ့နေရာ ဖြစ်ခဲ့တာမို့ နောင်လွန်လို့ သမုတ်ခဲ့ပြီး ကာလကြာတဲ့အခါမှာ ပင်လွန်ရွာလို့ ခေါ်ဆိုကြတယ်လို့ သိရပါတယ်။

နရပတိစည်သူမင်းကြီး ဖောင်တော်ဆိုက်ကပ်ခဲ့တုန်းက ထမင်းတွေ ပိုနေခဲ့တာကြောင့် ထမင်းပိုတွေကို နေခြောက်လှန်းခဲ့ကြရာက ဒေသခံ ရွာသူရွာသားတွေဟာလည်း ထမင်းကို နေခြောက်လှန်းပြီး မုန့်လုပ်ငန်းတွေကို လုပ်ကိုင်လာခဲ့ကြောင်း၊ ရိုးရာမုန့်လုပ်ငန်းကို လက်ဆင့်ကမ်းလုပ်ကိုင်လာပြီး ဘုရားပွဲတော်ကာလတွေမှာ ဘုရားဖူးရင်းနဲ့ သွားရောက်ရောင်းချကြောင်း ပင်လွန်ရွာမှ ရှမ်းရိုးရာ ဆန်လုံးစေးမုန့်လုပ်ငန်း လုပ်ကိုင်သူ မဘုတ်က စာရေးသူကို ပြောပြပါတယ်။

ဒါကြောင့်မို့ ဒုတိယအင်းလေးလို့ ခေါ်ဆိုကြတဲ့ ပုန်းအင်းဒေသထဲက ရိုးရာမုန့်လုပ်ငန်းတွေကို လုပ်ကိုင်ကြတဲ့၊ ချစ်စရာကောင်းတဲ့ ပင်လွန်ရွာလေးဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ ။



နန့်တံဘက်ချောင်းဘေးမှ မိုက်ခိုက်ပင်များ။



ရိုးရာမုန့်များလုပ်နေသည့် ပင်လွန်ရွာသူတစ်ဦး။






# အထက(သုဝဏ္ဏ)ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(သုဝဏ္ဏ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ ရက်က သီရိသုဝဏ္ဏပညာခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးစောဒန်နီယယ်က တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ထူးချွန်သူ လူရည်ချွန်ဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။**(အပေါ်ပုံ)** အခမ်းအနားသို့ ခရိုင်ပညာရေးမှူး ဒေါ်စုစုခင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုး၊ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိဘဆရာအသင်းဥက္ကဋ္ဌ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြင့်စန်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဖိတ်ကြားထားသူ အလှူရှင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**မြို့နယ် (ပြန်/ဆက်)**


## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


# ခရမ်းမြို့နယ်၌ ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ခရမ်း ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ ၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့ နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးသစ်က အခမ်းအနားကျင်းပရခြင်း ရှင်းလင်းပြောကြားကာ ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများ၊ တိုင်း/ခရိုင်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု မင်္ဂလာသုတ်ရေးဖြေပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ထို့နောက် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက စုံညီပွဲတော်သီချင်းများဖြင့် ကပြသီဆိုဖျော်ဖြေကြသည်။

**ကိုမင်း (ခရမ်း)**



# အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၀၅ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၃၅ ကျပ် | ၂၅၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၃၅ ကျပ် | ၂၆၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၉၅ | ၁၆၉၆၅၀၀ |
| MTSH | ၂၈၈၀ | ၂၈၈၀ | ၅၃၁၂ | ၁၄၁၇၄၁၀၀ |
| MCB | ၇၆၀၀ | ၈၁၀၀ | ၂၇ | ၂၁၅၇၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၀၁ | ၃၁၁၆၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၆ | ၁၅၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၁၁၁ | ၂၁၆၄၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၂၅ | ၅၈၇၅၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၇၃ | ၁၂၆၇၀၀ |

ညီညီ - စုစည်းသည်

# မွန်ပြည်နယ် ဝန်ကြီးချုပ် ဓမ္မမေဒနီကျောင်းတိုက်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညို

**မော်လမြိုင် ဇန်နဝါရီ ၆**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင်သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ ဓမ္မမေဒနီပရိယတ္တိစာသင်တိုက်ကြီးသို့ ရောက်ရှိကာ ဘဝနတ်နန်းပြောင်းရွှေ့ စံမြန်းတော်မူပြီးဖြစ်သည့် သထုံမြို့ဓမ္မမေဒနီကျောင်းတိုက်၏စတုတ္ထမြောက်ဦးစီးပဓာနနာယက ဆရာတော်၊ နိုင်ငံတော်သြဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပိဋကတ္တယပါရဂူ ဘဒ္ဒန္တဥာဏောသူရိယာဘိဝံသမဟာထေရ်မြတ်၏ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုသည်။**(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အန္တိမအဂ္ဂိစျာပန ကျင်းပရေးကော်မတီ နာယကဆရာတော်ကြီးများထံ သွားရောက်ဖူးမြော်ကန်တော့ကာ အန္တိမအဂ္ဂိစျာပန သာဓုကီဠနသဘင် ကျင်းပနိုင်ရေးအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် နံနက်က ဘဝနတ်နန်း ပြောင်းရွှေ့စံလွန်တော်မူခဲ့ရာ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ဇန်နဝါရီ ၁၀ ရက်တွင် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ သံဝေဂပူဇာဓမ္မဗိမာန်တော်၌ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင်ကို ဆင်ယင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကာ ရင်ပြင်တော် ဓမ္မာရုံ၌ ကျိုက်ထီးရိုးစေတီတော် သြဝါဒါစရိယဆရာတော် နိုင်ငံတော်သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မရမ်းချိုဘေးမဲ့တောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအာစရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် မွန်ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေပေးအပ်ရာ စေတီတော်ဂေါပကအဖွဲ့ တာဝန်ရှိသူတစ်ဦးက



လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများကို ဘုရားဖူးလာပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရေး၊ ကျိုက်ထီးရိုးဒေသ၏ သဘာဝရေမြေတောတောင် ရှုခင်းများ ပျက်စီးမှုမရှိစေရန် ဝိုင်းဝန်းထိန်းသိမ်း ပူးပေါင်းဆောင်ရွက်ကြရေးနှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရေးတို့ကို ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

# MFF ဖူဆယ်လိဂ် -၂ ပြိုင်ပွဲ စတင်

**ရန်ကုန် ဇန်နဝါရီ ၆**



MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၁) ကို ဇန်နဝါရီ ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။

ပြိုင်ပွဲဝင် ၁၂ သင်းရှိသောကြောင့် စုစုပေါင်း ခြောက်ပွဲကျင်းပပြီး ပွဲအားလုံး အရှုံးအနိုင်ရလဒ်ထွက်ပေါ်ခဲ့သည်။ ပွဲစဉ် (၁) တွင် Maryar အသင်းက M-Million အသင်းကို ငါးဂိုး-နှစ်ဂိုး၊ Black Cross အသင်းက Seven အသင်းကို ရှစ်ဂိုး-ငါးဂိုး၊ Sun Far အသင်းက SGF အသင်းကို ခြောက်ဂိုး-လေးဂိုး၊ YRG အသင်းက KKY အသင်းကို လေးဂိုး-ဂိုးမရှိ၊ ရွှေပြည်သာအသင်းက TG United အသင်းကို လေးဂိုး-နှစ်ဂိုး၊ Golden Yoma အသင်းက Noka United အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် Golden Yoma အသင်း၊ M-Million အသင်း၊ ရွှေပြည်သာအသင်း၊ Black Cross အသင်း၊ YRG အသင်း၊ Sun Far အသင်း၊ Noka United အသင်း၊ Maryar အသင်း၊ TG United အသင်း၊ Seven အသင်း၊ KKY အသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို အသင်းအရေအတွက်တိုးမြှင့်ထားပြီး ပထမအကျော့ ပွဲစဉ်များကို ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ် (၂) ကို ဇန်နဝါရီ ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ-MFF**

✻ *ကျောဖုံးမှ*

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ပြည်တွင်းကလပ်များ၊ အကယ်ဒမီအသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားစေခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် MNL-2 ပြိုင်ပွဲအပြီးတွင် ကစားသမားသစ်များ ထပ်မံအားဖြည့်ခဲ့ပြီး လက်ရှိတွင် ပဏာမကစားသမား ၄၄ ဦးဖြင့် လေ့ကျင့်နေခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း အာရှဖလား ယူ-၂၀ ခြေစစ်ပွဲအပါအဝင် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် နည်းပြချုပ်အဖြစ် ဦးအောင်နိုင်၊ လက်ထောက်နည်းပြများအဖြစ် ဦးအောင်ခိုင်၊ ဦးခင်မောင်ထွေးနှင့် ဂိုးနည်းပြအဖြစ် ဦးဇော်လင်းအောင်၊ အားကစားသမားများအဖြစ် ဂိုးသမား-စောကျော်ခန့်နို (တက္ကသိုလ်)၊ စောအယ်ဒိုထူး (Dagon Port)၊ ချစ်ရအောင်စိုး (နေပြည်တော်)၊ ပိုင်ဇင် (အား/ကာသိပ္ပံ)၊ ဟန်မြင့်မြတ်ထွန်း (မဟာယူနိုက်တက်)၊ နောက်တန်း - ထွန်းထွန်းသိန်း (ရတနာပုံ)၊ ကောင်းဆက်ပိုင် (အား/ကာသိပ္ပံ)၊ ကောင်းခန့်ကျော် (ရွှေဝတီယူနိုက်တက်)၊ ဖြိုးပြည့်စုံ (မန္တလေးတိုင်းဒေသကြီး)၊ အောင်မြင့် (မွန်ပြည်နယ်)၊ ရဲကောင်းဆက်၊ သူရအောင် (Glory Goal)၊ ခန့်ဇင်ဟိန်း၊ ရှင်မွေလင်ိုင်းကီး၊ ခွန်းချိုထူး (Junior Lions)၊ လွှမ်းထက်ထွန်း (စီမံ/ ဘဏ္ဍာ)၊ စခန့်ချော (တက္ကသိုလ်)၊ လွင်ဖြိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ အလယ်တန်း- ခွန်သူရိန်ထူး (Police Tero Academy)၊ အောင်ခန့်ကျော် (နေပြည်တော်)၊ စောလင်းထက်ပိုင် (ရခိုင်ယူနိုက်တက်)၊ ဝိုင်းလု (ဟံသာဝတီယူနိုက်တက်)၊ သူရ (Glory Goal)၊ ဂျခီဆွတ်အောင် (Junior Lions)၊ ဇော်မျိုးထွန်း၊ မင်းသန့်ဗိုလ် (စီမံ/ ဘဏ္ဍာ)၊ ကောင်းဇေယျာလင်း (မဟာယူနိုက်တက်)၊ ကောင်းခန့်ကျော် (မန္တလေးအကယ်ဒမီ)၊ နိုင်ကို(မွန်ပြည်နယ်)၊ သိန်းဇော်သီဟ(အား/ကာသိပ္ပံ)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ နိုင်အောင်ဆန်း (Dagon Port)၊ ဝင်းကိုဌေး (Junior Lions)၊ ရှေ့တန်း- စွမ်းထက် (ရတနာပုံ)၊ ဝင်းပြည့်မောင်၊ နိုင်လင်းဖြိုး (အား/ကာသိပ္ပံ)၊ ဖွဲ့မာန်သာ (ဟံသာဝတီယူနိုက်တက်)၊ နိုင်ဝင်းထွန်း (မန္တလေးတိုင်းဒေသကြီး)၊ စောဆဲကပေါ်ဆေး၊ မောင်တော့ (ဧရာဝတီတိုင်းဒေသကြီး)၊ စောမျိုးဇော် (သစ္စာအားမာန်)၊ ထွန်းနိုင်စိုး (ရက္ခပူရယူနိုက်တက်)၊ ရှိုင်းဝဏ္ဏအောင်နှင့် စိုင်းဇေယျာကျော် (Junior Lions) တို့ ပါဝင်ကြသည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MFF**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ကျိုက္ခမီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးနှင့် မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Nescafe ကော်ဖီထုပ် ၃၆၀၊ PSI Digital Satellite Receiver အလုံး ၈၀ ၊ Paper Box ဘူး ၄၅၀၊ Woven Fabric Cutting Pieces ၉၇ အိတ် အပါအဝင် ကုန်ပစ္စည်း ကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး၊ Mitsubishi Fuso Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၃၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကားအပိုပစ္စည်း Spring Leaf ကီလိုဂရမ် ၁၈၀၀ ၊ Wireless Speaker အလုံး ၁၅၀၊ ML လျှပ်စစ်ရေနွေးအိုး ၉၁၂ လုံး၊ ကားအပိုပစ္စည်း Fuwa Car Roller Bearing အခု ၄၄၀ အပါအဝင် ကုန်ပစ္စည်း ၈၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၉၄၂၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် MAM Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၅၉၄၂၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စစ်ကိုင်းမြို့နယ်အတွင်း၌ လိုင်စင်မဲ့ KENBO CZI မော်တော်ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၅ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၂၉၂၂၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ပေါင်းတည်မြို့၌ တပ်မတော်မှ နေအိမ်အလုံး ၂၀ ကျော် မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ညောင်လေးပင်မြို့ ရေဖြူကန်ကျေးရွာသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ဒေသခံပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိမှုများရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့ သစ်ပုတ်ကျေးရွာအုပ်စု တောင်ခမောက်ကျေးရွာရှိ နေအိမ်များကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်မှ မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် နေအိမ်အလုံး ၂၀ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ပေါင်းတည်မြို့ သစ်ပုတ်ကျေးရွာအုပ်စု တောင်ခမောက်ကျေးရွာအနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်မှု မရှိခဲ့ကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက်သမားများမှ ကျေးရွာရှိ နေအိမ်များအား မီးရှို့ထွက်ပြေးသွားခဲ့ရာမှ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ရေဖြူကန်ကျေးရွာသို့ တပ်မတော်မှ ပစ်ခတ်သည့် လက်နက်ကြီးကျည်သည် နာရေးပြုလုပ်နေသည့်နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည့်အတွက် ဒေသခံပြည်သူ ရှစ်ဦးသေဆုံးကာ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာဖြစ်သည့် Khit Thit Media ကသတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲခန့်က လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားပူးပေါင်းအဖွဲ့များမှ ရေဖြူကန်ကျေးရွာအတွင်း Drone များအသုံးပြု၍ ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒေသခံ အပြစ်မဲ့ပြည်သူအချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ကျေးရွာနေပြည်သူများအား အကြမ်းဖက်သတ်ဖြတ်ခြင်း၊ လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား အကြောက်တရားဖြင့် ခြိမ်းခြောက် ငွေတောင်းခံခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများမှ တစ်ဆင့် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာနှင့် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီး လေယာဉ်များဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ထိခိုက်သေဆုံးမှုနှင့် ကျေးရွာအချို့ မီးလောင်ပျက်စီးခဲ့မှုများရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ






**နေပြည်တော် ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာကို ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ လေယာဉ် နှစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကျေးရွာနေပြည်သူများ ထိခိုက်သေဆုံးမှုရှိကြောင်း သတင်းတု၊ သတင်းမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ တန့်ဆည်မြို့နယ် စိန်နန်းကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက ဒရုန်းများဖြင့် ကျေးရွာအတွင်း ဗုံးကြဲခဲ့ခြင်းကြောင့် ကျေးရွာနေပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီးရှိ ကျေးရွာများကို တပ်မတော်မှ နေ့၊ ည လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ လုပ်ဆောင်နေ၍ ကျေးရွာအချို့ မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကျောက်တော်မြို့ မဟာမုနိဘုရားကြီးအနီးနှင့် ဝန်းကျင်ကျေးရွာများတွင် ထိတွေ့ပစ်ခတ်မှုများမရှိကြောင်းနှင့် AA သောင်းကျန်းသူများက အဝေးမှ လက်နက်ကြီး၊ ရှော့တိုက်ဒုံးများဖြင့် တပ်စခန်းရှိရာနေရာများသို့ ပစ်ခတ်တိုက်ခိုက်မှုရှိခဲ့ပြီး ဒေသခံ တိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာများအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့၍ နေအိမ်အချို့ မီးလောင်ကျွမ်းမှုများ ရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် မြို့၊ ရွာများ တည်ငြိမ်မှု ပျက်ပြားစေရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ပျက်စီးစေရန် ရည်ရွယ်လျက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အဖွဲ့အစည်းများ၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ဖုံးကွယ်ပေးရန်နှင့် ပြည်သူများမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

( Up to 170 Cm)ပြိုင်ပွဲ၊ အမျိုးသား Athletic Physique ( Over 170 Cm)ပြိုင်ပွဲ၊ အမျိုးသား Sports Physique ( Up to 170 Cm) ပြိုင်ပွဲ၊ အမျိုးသား Sports Physique ( Over 170 Cm)ပြိုင်ပွဲ၊ အမျိုးသား Fitness ပြိုင်ပွဲ၊ အမျိုးသမီး Model Physique( Up to 160 Cm)ပြိုင်ပွဲ၊ အမျိုးသမီး Model Physique( Over 160 Cm) ပြိုင်ပွဲ၊ အမျိုးသမီး Athletic Physicque (Over 160 Cm) ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ရွေးချယ်ခံမည့် မျိုးဆက်သစ်အားကစားများအနေဖြင့် ဇန်နဝါရီ ၁၈ ရက်နောက်ဆုံးထား၍ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမင်းဇော်ဦး ဖုန်း၀၉-၅၀၀၈၁၆၁၊ တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မမမျိုး ဖုန်း ၀၉-၅၀၂၀၃၉၄၊ အမှုဆောင်ဦးတင့်နိုင် ဖုန်း ၀၉-၂၅၄၃၉၀၅၆၂၊ အမှုဆောင် ဦးဝင်းလွင် ဖုန်း ၀၉-၄၄၃၀၉၄၇၉၉ သို့ ဆက်သွယ်စာရင်းပေးပို့နိုင်ကြောင်း သိရသည်။ **အာကာစိုး**

## တပ်ကုန်းနှင့်ဒေါပုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် တပ်ကုန်းမြို့နယ် သံပုရာကုန်းကျေးရွာအုပ်စု သဲချောင်းကျေးရွာအနီးတွင် နိုင်ထက်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ဒေါပုံမြို့နယ် ဗမာအေးရပ်ကွက် မင်းနန္ဒာလမ်းမကြီးနှင့် စက်ရုံလမ်းထောင့်တွင် မသင်္ကာဖွယ်တွေ့ရှိသူ အောင်ကျော်မိုး(ခ) တက်ခါးကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Myo Min Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ မျိုးမင်းစိုးနှင့် “Poe Ei Kyaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် သံလျက်မှော်အနောက်ရပ်ကွက်နေ ပိုးအိကျော်တို့နှစ်ဦးအား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် အမှတ်(၇) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

### ဆက်လက်ဖော်ထုတ်

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃-၂၀၂၄ ရာသီ ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွေကို စတင်ယှဉ်ပြိုင်ကစားလာတာဟာ အခုဆိုရင် ရာသီဝက်ကို ကျော်လွန်လာပြီ ဖြစ်ပါတယ်။ ပရီမီယာလိဂ်ပွဲစဉ် (၂၀) ပြီးဆုံးချိန်မှာ လီဗာပူးအသင်းက အမှတ်ပေးဇယားကို ဒုတိယနေရာမှ အက်စ်တွန်ဗီလာအသင်းထက် သုံးမှတ်အသာ ရမှတ် ၄၅ မှတ်နဲ့ ဦးဆောင်ထားနိုင်တယ်။ ဒါကြောင့် ဒီရာသီပရီမီယာလိဂ်ဖလားဆွတ်ခူးရေးမှာ လီဗာပူး၊ အက်စ်တွန်ဗီလာ၊ မန်စီးတီးအသင်းတို့ပဲ စိန်ခေါ်သွားနိုင်မလား မေးခွန်းတွေနဲ့ပြည့်နှက်နေချိန် အာဆင်နယ်အသင်းကရော ဖလားဆွတ်ခူးရေးလမ်းကြောင်းပေါ်က သွေဖည်သွားပြီလား စိတ်ဝင်စားစရာကောင်းလာတယ်။





# အာဆင်နယ်အသင်း ဖလားဆွတ်ခူးရေး လမ်းကြောင်းမှ သွေဖည်နေပြီလား...

